ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (27-6-2011) (၆၈၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်းလေးကန်အတွင်း နုန်းပို့ချမှုကာကွယ်ထိန်းသိမ်းခြင်းနှင့် ဖယ်ရှားခြင်းလုပ်ငန်းများအား စက်ယန္တရားကြီး များဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်နှင့် တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံကိန်းချမှတ်ဆောင်ရွက်

အင်းလေးကန်ရှိ ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ခိုင်မြဲရေး စဉ်ဆက်မပြတ် သုတေသနပြုလုပ်

နေပြည်တော်　　ဇွန်　　၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညောင်ရွှေမြို့ ဖောင်တော်ပြန်လှေဆိပ်သို့ နံနက် ၈ နာရီတွင် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရေယာဉ်ငယ်များဖြင့် ထွက်ခွာခဲ့ပြီး အင်းလေးကန်အတွင်း နုန်းပို့ချမှု ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဖယ်ရှားခြင်းလုပ်ငန်းများအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နန်းဟူးကျေးရွာရှိ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရား၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဒုတိယသမ္မတသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူသည့် ကျောင်းဆောင်တော်အတွင်း ရှေးဟောင်း ဖောင်တော်ဦးရုပ်ရှင်တော် မြတ်စွာဘုရား ကျောင်းတော်ဟောင်း ပုံတော်များကို လည်းကောင်း၊ ရွှေဆိုင်း၊ သက်န်း၊ ကိုယ်ပွားတော်နှင့် ပုံတော် အမျိုးမျိုးတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာသည်။

အင်းလေးကန်အတွင်း ရေတည်ရှိနေမှု၊ စဉ်ဆက်မပြတ် ရေစီးဆင်းနေမှုသည် ဒေသနေပြည်သူတို့၏ လူမှု-စီးပွား ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်သာမက အင်းလေးကန် ဘီလူးချောင်းမှ စီးဝင်သောရေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ထားသော လောပိတရေအားလျှပ်စစ်သည်လည်း မြန်မာနိုင်ငံ၏ လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကဖွံ့ဖြိုးရေးမဏ္ဍိုင်ကြီးဖြစ်။

ဆက်လက်၍ ဒုတိယသမ္မတသည် နန်းဟူးကျောင်း၌ ကျင်းပသည့် ဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များနှင့် စောင့်ရှောက်ရေးအဖွဲ့ဝင် ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ အင်းလေး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ပြည်တွင်းပြည်ပသတင်းအညွှန်းများ　　ပြည်တွင်းပြည်ပသတင်းအညွှန်းများ

ဘိုးပိုင်တူးရာတွင် စံချိန်စံညွှန်းအညီ ဆောင်ရွက် (သတင်း) စာမျက်နှာ - ၃

နိုင်ငံ၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံထား (သတင်း) စာမျက်နှာ - ၃

အိုလံပစ်နေ့ အထိမ်းအမှတ် မြင်းစီးအားကစားယှဉ်ပြိုင်

(သတင်း) စာမျက်နှာ - ၁၀

ကျေးလက်သမဝါယမလုပ်ငန်းများ တိုးတက်ရေး စိတ်တူကိုယ်တူများ စုစည်းဆောင်ရွက် (သတင်း) စာမျက်နှာ - ၄

ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ စပိန်ဗိုလ်စွဲ

(သတင်း) စာမျက်နှာ - ၁၀

ကြေးမုံ The Mirror

၂၇ - ၆ - ၂၀၁၁
(တနင်္လာနေ့)

မိုးရာသီ ကူးစက်ရောဂါ သတိပြုကာကွယ်

စွတ်စိုထိုင်းမှိုင်းသည့် မိုးရာသီရောက်ရှိလာပြီ။ မိုးရွာသွန်းမှုများပြားလာချိန်တွင် နှာစေး၊ အအေးမိတုပ်ကွေးရောဂါသာမက အသည်းရောင်အသားဝါရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါတို့ ဖြစ်ပွားတတ်သဖြင့် သတိပြုကာကွယ်ကြရပေမည်။

အအေးမိခြင်း၊ တုပ်ကွေးမိခြင်းတို့ကို ရံဖန်ရံခါ ခံစားကြရပြီး လူ၏ကိုယ်ခံစွမ်းအားကို ထိခိုက်စေသည်။ အအေးမိစေသော ပိုးမွှားအများစုသည် ဝတ္ထုပစ္စည်းများပေါ်တွင် နာရီပေါင်းများစွာ ရှင်သန်နိုင်သဖြင့် လက်နှင့်ပစ္စည်းကိုင်တွယ်မှု၊ လက်နှင့် လက်ချင်း ထိတွေ့မှုတို့ကြောင့် ကူးစက်တတ်သည်။ လက်များသန့်ရှင်းမှုရှိစေရန် မကြာခဏ လက်ဆေးခြင်း၊ ပိုးသတ်ဆေးဆပ်ပြာ အသုံးပြုဆေးကြောခြင်းတို့ ပြုလုပ်ကြရန် လိုအပ်သည်။

ဝမ်းပျက် ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်သုံးရေ မသန့်ရှင်းမှုတို့ကြောင့် ပိုမိုဖြစ်ပွားနိုင်သည်။ အဆိုပါရောဂါသည် ယင်ကောင်များမှတစ်ဆင့် ကူးစက်တတ်သည်။ မသန့်ရှင်းသောရေနှင့် အစားအစာ၊ မသန့်ရှင်းသောလက်တို့မှ ကူးစက်နိုင်သဖြင့် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

မိုးရာသီ၌ သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး စသည့်ရာသီစာ အမှည့်လွန်အသီးများ၊ မသန့်ရှင်းသော အစားအစာများ စားသုံးမိရာမှ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားတတ်သဖြင့် ဆင်ခြင်စားသောက်ကြရပေမည်။ မသန့်ရှင်းသောရေကိုသောက်သုံးမိပါက ဝမ်းပျက်ဝမ်းလျှော၊ ကာလဝမ်းရောဂါနှင့် အူရောင်ငန်းဖျားရောဂါစသည်တို့ဖြစ်တတ်သဖြင့် သောက်သုံးရေမှန်သမျှကို ကျိုချက်ပြီးမှသာ သောက်သုံးသင့်သည်။

ရောဂါကြိုတင်ကာကွယ်ရေးတွင် တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန် အထူးလိုအပ်သည်။ အစာမစားမီ၊ အိုးခွက်ပန်းကန်များ မကိုင်တွယ်မီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောကြရပေမည်။ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ယင်လုံအိမ်သာများကို မြို့ရွာအားလုံးတွင် ဆောက်လုပ်အသုံးပြုခြင်းတို့ကို ဂရုတစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲလာချိန်၊ ရာသီသီးနှံများ ပေါများချိန်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် အစာသန့်၊ ရေသန့်၊ လက်သန့်၊ အိမ်သာသန့် ပြည့်စုံနေစေရေး ကျန်းမာရေးသတိပေးနှိုးဆော်ချက်များကို လိုက်နာကြရပေမည်။ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားပြီး စနစ်တကျနေထိုင်သွားလာစားသောက်ကြခြင်းဖြင့် မိုးရာသီ၌ ဖြစ်ပွားတတ်သော ကူးစက်ရောဂါများမှ ကာကွယ်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဖြူးမြို့နယ် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဖြူးမြို့နယ် စည်ပင်သာယာဈေးအနီးရှိ မီးသတ်အုတ်ရေကန်များမှ အမှိုက်များ ဆယ်ယူခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၉၀၀	၀. ၀၃၂၅၈
တရုတ် (ယွမ်)	၆. ၄၇၅၀၀	၀. ၁၅၄၄၄
အိန္ဒိယ (ရူပီး)	၄၄. ၉၉၀၀	၀. ၀၂၂၂၃
မလေးရှား (ရင်းဂစ်)	၃. ၀၄၀၅၀	၀. ၃၂၈၈၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၈၇၀	၀. ၈၀၇၃၀
ဂျပန် (ယန်း)	၈၀. ၄၅၀၀	၀. ၀၁၂၄၃
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၈၀	၀. ၀၀၀၉၃
ယူရို	၀. ၇၀၄၆၀	၁. ၄၁၉၂၄
ဗြိတိသျှ (ပေါင်)	၀. ၆၂၆၆၄	၁. ၅၉၅၈၀

အင်တာနက်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) (၂၅)နှစ်ပြည့်အထိမ်းအမှတ် ငွေရတုပူဇာသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၆

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၏ (၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုပူဇာသဘင် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသအမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်/မန္တလေး) တို့တွင် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သော လူပုဂ္ဂိုလ်များအား မော်ကွန်းတင် ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ရုံးချုပ်အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ရုံးချုပ်ဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ရုံးများမှ တာဝန်ခံများက လုပ်ငန်းဝင်ငွေလျာထားချက်များအပေါ် ပြည့်မီကျော်လွန်စေရန် လုပ်ငန်းစီမံချက် အစီရင်ခံစာများကို တင်ပြကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ဆက်လက်ကျင်းပပြီး ထူးချွန်ဆုရရုံး အသီးသီးအား ဦးဆောင်ညွှန်ကြားရေးမှူးက ဆုချီးမြှင့်သည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အာမခံလုပ်ငန်းအသီးသီးမှ ရရှိသော ဝင်ငွေစုစုပေါင်းမှာ ငွေကျပ် သန်းပေါင်း ၂၀၇၀၅ ဒသမ ၂၂ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းဆင်း

ရန်ကုန် ဇွန် ၂၆

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင်ထူးချွန်ဆု ရရှိသူများအား ဆုချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားများကိုယ်စားသင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၆၇ ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ (သတင်းစဉ်)

ရန် ကုန် အနောက်ပိုင်းခရိုင် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက်က လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ ဂန္ဓမာဆောင်ရှေ့၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်ကံ့ကော် ပင်ကို စိုက်ပျိုးပေးစဉ်။ (ကြေးမုံ)

ရွှေတိဂုံစေတီတော်ရင်ပြင်(စနေထောင့်)ရှိ နှစ် ၁၀၀ ရှိပြီဖြစ်သော ရခိုင်တန်ဆောင်း အကြီးစားပြင်ဆင်ရန် မေ ၂၄ ရက်တွင် ပထမအကြိမ် ငွေကျပ် ၁၀၁သိန်း နှင့် ဇွန် ၂၂ ရက်တွင် ဒုတိယအကြိမ် ငွေကျပ် ၃၅ သိန်းကို အသင်းဝင်အလှူရှင်များကိုယ်စား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးအောင်သိန်း (လုပ်ငန်း) နှင့် ဦးမောင်ပိထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြို့ရေပေးရေးလုပ်ငန်း စစ်ဆေး

တောင်ကြီး ဇွန် ၂၆

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် အေးသာယာမြို့ နန်းဟူးရေတင်စက်ရုံ ပုံမှန်လည်ပတ်မောင်းနှင်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံထား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ဘဏ်လုပ်ငန်းသည် စီးပွားရေးနယ်ပယ်တွင် အရေးပါ

နေပြည်တော် ဇွန် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ M3 Food Centre ၌ကျင်းပသော မြန်မာနိုင်ငံသားများဘဏ်၏ (၁၉)ကြိမ်မြောက် အထွေထွေအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံထားသည့်အတွက် လိုအပ်လိုက်ဖက်သော ငွေရေးကြေးရေးစနစ် ဖွံ့စည်းတည်ဆောက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းသည် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့်အတွက် စီးပွားရေးနယ်ပယ်တွင် အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများသည် ငွေကြေးနှင့်ဆက်စပ်နေပြီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ်လုပ်ငန်းများနှင့် မလွဲမသွေ ဆက်သွယ်နေကြမည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ငွေကြေးစီးဆင်းလည်ပတ်မှု မှန်ကန်မြန်ဆန်မှုရှိရန်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှုအရည်အသွေး ပိုမိုထက်မြက်လာစေရေးကို လည်းကောင်း၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရေးကို လည်းကောင်း၊ ကုန်ပစ္စည်းများ ပိုမို ထုတ်လုပ်နိုင်ပြီး ပြည်ပသို့ပိုမိုတင်ပို့ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပေါ်ထွန်းလာစေရေးကိုလည်းကောင်း များစွာအထောက်အကူပြုကာ အပြန်အလှန်ဆက်သွယ် အကျိုးသက်ရောက်လျက်ရှိကြောင်း။

စီးပွားရေးလုပ်ငန်းများဖြစ်သည့် ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းစသည့် လုပ်ငန်းများကို ငွေကြေးလည်ပတ်မှုရှိစေရန် ချေးငွေများ ထုတ်ချေးပံ့ပိုးခြင်းအားဖြင့် ဒေသစီးပွားရေးမှ နိုင်ငံတော်၏ စီးပွားရေးသို့ တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများကို နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ ဘောင်အတွင်းက ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံသားများဘဏ်၏ (၁၉)ကြိမ်မြောက် အထွေထွေအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘိုးပိုင်တူးရာတွင် စံချိန်စံညွှန်းအညီဆောင်ရွက် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား

ရန်ကုန် ဇွန် ၂၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်းပေါ်ရှိ ကွဲခြီရေကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဘိုးပိုင်တူးစက်နှစ်လုံးဖြင့် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသော ဘိုကလေးမြစ်ကူးတံတား ရေလယ်တိုင် ဘိုးပိုင်တူးခြင်းလုပ်ငန်းများနှင့် သာပေါင်းဘက်ကမ်းတံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘိုးပိုင်တူးခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ရေလယ်တိုင် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေစဉ် တံတားရက်မများ ကြိုတင်သွန်းလောင်းထားရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရေကြောင်းသွားလာသည့် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ဘိုကလေး မြစ်ကူးတံတားသည် ဘိုကလေး - ကြိမ်ချောင်း - ကဒုံကနီလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ Steel Truss and RCC Concrete ဖြစ်ကာ ပင်မတံတားအရှည် ၃၅၅၃ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၃၀၀၊ အမြင့် ၃၆ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စာရေးနည်းလမ်းညွှန်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) စာရေးနည်းလမ်းညွှန်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာရေးဆရာ အလှူလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းလမ်းညွှန်သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အမှာစကား ပြောကြားသည်။

ထို့နောက် စာရေးနည်းလမ်းညွှန်သင်တန်းဆင်း လက်မှတ်များကို ဒုတိယဥက္ကဋ္ဌ(၃) ဦးကိုကိုလှိုင်(ကိုကိုလှိုင်)က သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့အား ပေးအပ်သည်။

ယင်းနောက် ကဗျာပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ကဗျာသင်ကြားရေးအဖွဲ့ ခေါင်းဆောင် ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆောင်းပါးသင်ကြားရေးအဖွဲ့ခေါင်းဆောင် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) က လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဝတ္ထုတို သင်ကြားရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ချိုချိုတင် (မစန္ဒာ)က လည်းကောင်း ဆုများကို ချီးမြှင့်ကြပြီး ဘက်စုံထူးချွန်ဆုရ ဦးစံလင်းအား ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ဆုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ကွယ်လွန်သူ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီး နိုင်ပန်းလှ၏ နှစ်ပတ်လည်

အမှတ်တရအဖြစ် ဆရာကြီးနိုင်ပန်းလှ၏ မိသားစုများက အလှူငွေကျပ်တစ်သိန်းနှင့် သင်တန်းသူ ဒေါ်ကေခိုင်အောင်ခင် (မကေ)က အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းဘိုးဘွားရိပ်သာ၌ အသစ်ဆောက်လုပ်လျက်ရှိသည့် အဘိုးဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် ဇွန် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရွှေဝတ်ရည်စက္ကူစက်ရုံပိုင်ရှင် ဦးသိန်းဝင်း-ဒေါက်တာရီရီနွယ်(သီဟသုဓမ္မသိင်္ဂီ)မိသားစုက ငွေကျပ် သိန်း ၃၀ လှူဒါန်းရာ ခရမ်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်တို့ လက်ခံစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇:၅၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀	၉။	"ငှက်တစ်သောင်း"
၈:၃၀	၁၀။	အတီးပြိုင်ပွဲ
၈:၄၀	၁၁။	International News
၈:၄၅	၁၂။	တေးဂီတအစီအစဉ်
၉:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပဒေသာ
၄:၂၀	၃။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၃၀	၄။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅:၁၅	၈။	တေးဂီတအစီအစဉ်
၅:၃၀	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား"(အပိုင်း-၃)**
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၉)**
	၁၉။	အစီအစဉ်ပြီး၏။

ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် မြို့နယ်များနှင့် ကျေးရွာများ စိတ်တူကိုယ်တူစုစည်း အကျိုးတူလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၆

မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်မှာ သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ သမဝါယမပညာ ပြန့်ပွားအောင် ဆောင်ရွက်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မူဘောင်အတွင်းမှ ထိန်းကျောင်းပေးခြင်းတို့ဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာန သမဝါယမကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ)၌ ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်တို့မှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များနှင့် အခြေခံသမဝါယမအသင်းများမှ ဝန်ထမ်းများအား တွေ့ဆုံစဉ် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရန်၊ မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများ စုစည်း၍ အစုအဖွဲ့အဖြစ် အကျိုးတူလုပ်ငန်းများဆောင်ရွက်ရန်၊ နောင်တစ်ချိန်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းအသွင်သို့ ပြောင်းလဲရန်၊ မြို့နယ်အစုအဖွဲ့သည် မြို့နယ်သမဝါယမအသင်းစုဖြစ်လာအောင် ဆောင်ရွက်ရန်၊ အစုအဖွဲ့များ ဖွဲ့စည်းရာတွင် စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ကိုင်လိုသူများက အများသဘောတူ အစုဝင်ငွေများ ထည့်ဝင်၍ ပူးပေါင်းပါဝင်ပြီး အောက်ခြေမှတစ်ဆင့်အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လာစေသော Bottom Up Initiative ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်းဖြင့် ထည့်သွင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) တတိယအကြိမ် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၆

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ တတိယအကြိမ် နှစ်ပတ်လည်အခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက နှစ်ပတ်လည် အစီရင်ခံစာ၊ စာရင်းစစ် ဒေါ်သူဇာကျော်က ဘဏ္ဍာရေးရှင်းတမ်းနှင့် အတွင်းရေးမှူး ဦးငွေရက ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြကြပြီး နာယကများက မသန်စွမ်းသူများအား အထောက်အကူပြုကိရိယာများနှင့် ကွန်ပျူတာသင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မသန်စွမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ ရန်ကုန်မှ နေပြည်တော်သို့ ဘီးတပ်ကုလားထိုင်စွမ်းရည်ပြသခဲ့သော မသန်စွမ်းသူများ၊ ရန်ပုံငွေရှာဖွေပွဲများနှင့် ပညာပေးဇာတ်လမ်းတို ရိုက်ကူးရေးတွင် ပါဝင်ကူညီခဲ့ကြသော အားကစားသမားများနှင့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ မသန်စွမ်းသူကျောင်းသားများအား ရာသက်ပန် ပညာသင်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

မကွေးမြို့၌ ဆဋ္ဌမအကြိမ် လက်ကားကုန်စည်ဒိုင်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၆

ဆဋ္ဌမအကြိမ် လက်ကားကုန်စည်ဒိုင်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက် ၈ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းပြကွက်များ၊ ပဲမျိုးစုံအထူးပြုစိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီများ၏ ပဲမျိုးစုံမျိုးကောင်းမျိုးသန့်ပြကွက်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ကုန်စည်ဒိုင် ကြီးကြပ်ရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ကုန်စည်ဒိုင်များ၊အထူးပြုကုမ္ပဏီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍများအလိုက် စာတမ်းများ တင်သွင်းဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့၌ ရန်ကုန်တိုင်းဒေသကြီးမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ဖတ်ကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး**(အပေါ်ပုံ)** ဆုရ ကာတွန်း၊ ပန်းချီ၊ ပိုစတာလက်ရာများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ဆဋ္ဌမအကြိမ် လက်ကားကုန်စည်ဒိုင်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသောမိုင်း နင်းမိ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရ

နေပြည်တော် ဇွန် ၂၆

မွန်ပြည်နယ် သိမ်ဇရပ်မြို့နယ် စက္ကူစက်ဝန်ထမ်းအိမ်ရာနေ ဦးအေးထွန်း (၆၃)နှစ်သည် ဇွန် ၂၅ ရက် နံနက် ၉နာရီခန့်တွင် ၎င်းနေထိုင်ရာအိမ်မှ ထွက်ခွာလာစဉ် မြို့၏မြောက်ဘက်အစွန် ကျိုက်ထို-သိမ်ဇရပ်ကားလမ်း၏ညာဘက် ၆ ကိုက်ခန့်အကွာရှိ လူသွားလမ်းတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေဖျားပြတ်ဒဏ်ရာနှင့် ညာလက်ဖျံမိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဒဏ်ရာရလူနာအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ပဲခူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာလေကြောင်းလိုင်းများတွင် လုပ်ကိုင်လိုသူများအတွက် သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၆

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းအပတ်စဉ်အသစ်ကို ဇွန် နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်းအသိအမှတ်ပြုသင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK) နှင့် Educational Institute of AH & LA(USA) မှ သတ်မှတ်ထားသော Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

နိုင်ငံတကာအဆင့်ဟိုတယ်၊စားသောက်ဆိုင်နှင့် ဆေးရုံလုပ်ငန်းများတွင် စီမံခန့်ခွဲမှုအဆင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင် စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ သင်တန်းအပတ်စဉ်အသစ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၁၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၁၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်စိုး

အထက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၉ ဒသမ ၁၇ လက်မ၊ မောင်တောမြို့တွင် ၈ ဒသမ ၂၇ လက်မ၊ ဘီးလင်းမြို့တွင် ၇ ဒသမ ၄၈ လက်မ၊ ဂွမြို့တွင် ၇ ဒသမ ၂၄ လက်မ၊ ဘားအံမြို့တွင် ၅ ဒသမ ၀၆ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မှော်ဘီမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ မြဝတီမြို့တွင် ၄ ဒသမ ၀၂ လက်မနှင့် ညောင်တုန်းမြို့တွင် ၃ ဒသမ ၇၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

❖ ကျောဖုံးမှ

လုဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုံးသန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် တတိယ(၅)နှစ်စီမံကိန်း၏ ဒုတိယနှစ်ကို ရောက်ရှိပြီဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘက်ပေါင်းစုံ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည့်ကာလဖြစ်ကြောင်း၊ အလားတူ ၂၀၁၅ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ၌ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး "Drug Free ASEAN" သတ်မှတ်ထားသည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်အောင် စည်းရုံးဆောင်ရွက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသိပညာပေးရေး မြှင့်တင်မှုလုပ်ငန်းများကို ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ INGO/NGO များ၊ ကျောင်းသားလူငယ်များ အပါအဝင် ဒေသခံပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှသာ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုများကို ပပျောက်စေရန် ခေတ်အဆက်ဆက် အစိုးရအဖွဲ့များက တိုက်ဖျက် ချေမှုန်းလာကြသည့်နည်းတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ် လက်ထက်တွင်လည်း ဆက်လက်ပြီး အမြစ်ပါမကျန် တွန်းလှန်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း။

လက်ရှိခေတ်စနစ်နှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက် အောင်မြင်စွာ ကြိုးပမ်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ် မေ ၂၇ ရက်တွင် မူးယစ်ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း။

မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုပပျောက်အောင် ဘိန်းစိုက်တောင်သူများအား အသိပညာပေး စည်းရုံးခြင်း၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးစေခြင်း၊ အမျိုးသားရေးအမြင်များ တိုးတက်ပြောင်းလဲလာအောင် ဆောင်ရွက်စေခြင်းနှင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် နယ်စပ်ဒေသများ၏ ဘိန်းစိုက်ပျိုးမှု ဧရိယာများကို ဂြိုဟ်တုဓာတ်ပုံဖြင့် တိုင်းတာသည့် လုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာ တိုင်းတာတွေ့ရှိချက်များအရ အချိန်နှင့်တစ်ပြေးညီ ဖျက်ဆီးဆောင်ရွက်ခဲ့သဖြင့် ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုများ လျှော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် အထောက်အကူများစွာ ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံသည် မိမိနိုင်ငံအတွင်းရှိသော ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် မူးယစ်ဆေးဝါးကို တိုက်ဖျက်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း၊ ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မဲခေါင်ဒေသ (၆)နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံချင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ASEAN ဒေသတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် "Drug Free ASEAN" ဖြစ်ရေးတို့အတွက် စီမံချက်များရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ ကမ္ဘာတစ်ဝန်းရှိ မူးယစ်ဆေးဝါးရောင်းဝယ်သူများသည် စိတ်ကြွရူးသွပ်ဆေး (Synthetic drugs) များဖြစ်သည့် ATS,ICE, Ecstasy, Ketamine ဆေးဝါးများကို နည်းမျိုးစုံဖြင့် ထုတ်လုပ်ဖြန့်ဖြူး သယ်ဆောင်ရောင်းချမှုများ တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အဆိုပါ ဝိသမလောဘသားများကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်နှင့် ပြည်သူ လက်တွဲတိုက်ဖျက်ကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ခေတ္တကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr. Jason Eligh က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ခေတ္တ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Mr. Jason Eligh က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ချီးမြှင့်ရန်အတွက် အလှူငွေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံ အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း ၇၈သိန်း ၅ သောင်းကို ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိသည့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ်သန်းပေါင်း ၈၆၀၄ သန်းရှိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကိုလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ် သန်းပေါင်း ၁၅၆၈၄ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ် သန်းပေါင်း ၈၃၅၁ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ် သန်းပေါင်း ၇၉၈၃ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း နေရာတစ်ခုချင်းစီအလိုက် အသီးသီး မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီး မီးရှို့ဖျက်ဆီးသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုး စုစုပေါင်းမှာ ငွေကျပ်သန်းပေါင်း ၄၀၆၂၂ သန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ကြီးမြို့နှင့် အေးသာယာမြို့တို့၌ ဝန်ကြီးဌာနလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၆

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၌ တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုရှိရေးနှင့် စွမ်းအားမြင့် မီးငြိမ်းသတ်နိုင်ရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ မြို့မရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် မူလတန်းကြိုကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် အေးသာယာမြို့ ထုံးဖိုရပ်ကွက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးရုံး၏ လုပ်ငန်းဆောင်ရွက်မှုနှင့် သိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့မှတစ်ဆင့် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေး ဆေးခန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးပေးခန်းနှင့် ဆေးခန်းအသစ် ဆောက်လုပ်မည့်မြေနေရာတို့ကို သွားရောက် ကြည့်ရှုခဲ့သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ပြီး လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှုမရှိစေရေး ပညာပေးဟောပြောရန်၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ပညာပေးရေးနှင့် ကျောင်းသားလူငယ်များနှင့် လူထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများက ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်းပိုစတာစသည့် ပြိုင်ပွဲများတွင် လူငယ်များနှင့် ကျောင်းသားလူငယ်များ အဓိက ပါဝင်ယှဉ်ပြိုင်စေရန်၊ အားကစားလှုပ်ရှားမှုများ တိုးတက်ပြုလုပ်သွားရန်တို့ကို တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံမှပေးပို့သည့် သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင်က ဖတ်ကြားပြီး မူးယစ်ဆေးအန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက် ခေါင်းစဉ်ဖြင့် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးလှဝေကလည်းကောင်း၊ အားကစားမြှင့်တင်စိတ်ဓာတ်နှင့် ဆန့်ကျင် မူးယစ်ဆေးခေါင်းစဉ်ဖြင့် တိုင်းဒေသကြီး ပညာရေးမှူး(စစ်ဆေးရေး) ဦးဝင်းမြင့်ကလည်းကောင်း၊ ကျန်းမာပျော်ရွှင်နေထိုင်ဖို့ မူးယစ်ဆေးကို ရှောင်ကြစို့ ခေါင်းစဉ်ဖြင့် ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာနွဲ့နွဲ့အေးက လည်းကောင်း ဟောပြောကြသည်။ ယင်းနောက် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး မူးယစ်ဆေးဝါးပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၃၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄	၁။	နိုင်ငံတော်သီချင်း
၄း၀၅	၂။	အဖွင့်သီချင်း
	၃။	2011 FIFA WOMEN' S WORLD CUP (GERMANY) -Nigeria Vs France(SDD)
၅း၃၀	၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်(အပိုင်း-၁၃)**
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၆။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၇။	သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀	၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာ့စံအိမ် (အပိုင်း-၃၆)**
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၀။	အမျိုးသားရေးတေးကဗျာ
	၁၁။	ဒို့တာဝန်အရေးသုံးပါး
	၁၂။	နိုင်ငံတကာသတင်း
	၁၃။	မိုးလေဝသသတင်း
	၁၄။	Talk Of The Town
	၁၅။	မေးမြန်းစူးစမ်း
	၁၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၂၇)**
	၁၉။	2011 FIFA WOMEN' S WORLD CUP (GERMANY) -Mexico Vs England(Live)
	၂၀။	သင့်အတွက်မနက်ဖြန်

ခြေကျင်လျှောက်သူများ သတိပြုလိုက်နာရန်

(၁) လမ်းညွှန်၊ လမ်းအမှတ်အသားများအတိုင်း လိုက်နာရမည်။
(၂) ယာဉ်ထိန်းရဲရှိလျှင် ၎င်း၏ညွှန်ပြချက်အတိုင်း လိုက်နာရမည်။
(၃) စင်္ကြံ(သို့မဟုတ်) သတ်မှတ်ထားသောလမ်းရှိလျှင် ထိုနေရာများပေါ်မှ သွားရမည်။
(၄) စင်္ကြံမရှိလျှင် လမ်း၏ဝဲဘက်နံဘေးမှကပ်၍ ယာဉ်ကြောကို မျက်နှာမူပြီး လျှောက်ရမည်။
(၅) ဘတ်စ်ကားစီးလိုလျှင် သတ်မှတ်ထားသောနေရာမှ စီးရမည်၊ ဆင်းရမည်။
(၆) လမ်းမပိတ်ဆို့ရ၊ ရင်ပေါင်တန်း မလျှောက်ရ။
(၇) မီးသတ်ယာဉ်၊ သူနာတင်ယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ် စသည့် အရေးကြီးယာဉ်တို့ အချက်ပေးလာလျှင် ၎င်းယာဉ်များကို ဦးစားပေး၍ လမ်းပေါ်မှ အမြန်ဖယ်ရမည်။
(၈) လူကူးရန်ရေးဆွဲထားသည့်နေရာများမှသာ လမ်းဖြတ်ကူးရမည်။
(၉) လမ်းကို ကန့်လန့်ဖြတ်တည့်တည့်ကူးပါ၊ လမ်းပေါ်အလျားလိုက် မျှော၍ မကူးရ။
(၁၀) သတ်မှတ်ထားသည့် နေရာများမှဖြတ်ကူးလျှင် လက်ယာဘက်ခြမ်းမှ ဖြတ်ကူးပါ။
(၁၁) လမ်းဆုံတွင် ခွင့်ပြုမထားလျှင် ထောင့်ဖြတ်မကူးရ။
(၁၂) ယာဉ်အတွက်မီးစိမ်းပြနေသည့်လမ်းကို မဖြတ်ကူးရ။
(၁၃) ခြေကျင်လျှောက်သူများအတွက် သီးခြားအချက်ပြရှိလျှင် ထိုအချက်ပြမီးက ခွင့်ပြုမှ လမ်းဖြတ်ကူးပါ။
(၁၄) မြင်ကွင်းကွယ်နေသောနေရာမှ လမ်းပေါ်သို့ ရုတ်တရက်ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်း မပြုရ။
(၁၅) အုပ်ထိန်းသူမပါဘဲ အသက် ၆ နှစ်နှင့်အောက် ကလေးများ လမ်းပေါ်တွင် သွားလာခြင်း မရှိစေရ။
(၁၆) လမ်းဖြတ်ကူးခွင့်ပြုသည့်နေရာမှ လမ်းဖြတ်ကူးသူများကို အနှောင့်အယှက်ဖြစ်စေရန် စင်္ကြံပေါ်တွင် ရပ်မနေရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အရက်နှင့် ကျန်းမာရေးထိခိုက်မှု၊ အရက်၏ဆိုးကျိုးများ

ပါမောက္ခ ခင်မောင်ကြီး(ငြိမ်း)
(စိတ်ကျန်းမာ)

ကျွန်တော်သည် သက်ြန်အမီ အလုပ်တာဝန်များလွှဲပြောင်းရန်ရှိသဖြင့် ပြင်ဆင်ဆောင်ရွက်နေရာ ပြီးသလောက်ရှိချိန်တွင် ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ကိုမောင်မောင် ရုံးခန်းအတွင်းဝင်လာပါသည်။ ကျွန်တော်က "ဟာ- ကိုမောင်မောင် မတွေ့တာကြာပြီ၊ ဘာကိစ္စရှိလို့လဲ" ဟုမေးရာ "ကျွန်တော်နဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက် အရက်အလွန်အကျွံသောက်လို့ ဆရာတို့ စိတ်ကျန်းမာရေးဆေးရုံမှာတင်ပြီး အရက်ဖြတ်ချင်လို့ပါ" ဟု ပြောပါသည်။ သို့ဖြစ်၍ အရက်စွဲသူ လူနာအားခေါ်၍ အမည်၊ အသက်များမေးပြီး အရေးပေါ်မှတစ်ဆင့် ဆေးရုံတင်ခိုင်းလိုက်ပါသည်။ ခဏနေလျှင် ကိုမောင်မောင်သည် ကျွန်တော်၏ ရုံးခန်းသို့ ဝင်ရောက်လာပြီး "ဆရာ အချိန်ရရင် ခဏဆွေးနွေးချင်လို့ပါ" ဟု ပြောသဖြင့် "ဆရာလည်း အလုပ်ပြီးသလောက်ရှိပြီ၊ မင်းဘာဆွေးနွေးချင်လို့လဲ" ဟု မေးရာ ၎င်းက "အရက်အကြောင်း နည်းနည်းသိချင်လို့ပါ။ အခုဆေးရုံတင်တာ ကျွန်တော့်ငယ်သူငယ်ချင်းပါ။ သူက အခု အရက်အလွန်စွဲနေတယ်။ သူ့အတွက် ကျွန်တော်စိတ်မကောင်းပါဘူး။ ကျွန်တော်ကတော့ တစ်ခါတလေ ဘီယာတစ်ခွက်လောက်သောက်ဖြစ်ပါတယ်။ ဘာကြောင့် သူဒီလို စွဲသွားရသလဲ။ ဒါကြောင့် အရက်ရဲ့ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေ သိချင်လို့ပါ" ဟု ပြောပါသည်။

ဖြေ။ ။ အရက်သောက်လို့ ကျန်းမာရေးဆိုင်ရာဆိုးကျိုးတွေတင် ဘယ်ကမလဲ၊ စီးပွားရေး၊ ပညာရေး၊ အလုပ်အကိုင်နဲ့ အိမ်ထောင်ရေးကစလို့ လူမှုရေးအစုံစုံအများကြီးရှိတာပေါ့ကွာ။ သောက်တာကတော့ အကြောင်းအမျိုးမျိုးကြောင့် သောက်ကြတာပဲ။

မေး။ ။ ဟုတ်ပါတယ်။ ကျွန်တော်ကတော့ အားနည်းပြီး ကျန်းမာရေးချို့ယွင်းနေတဲ့ သူငယ်ချင်းကိုကြည့်ပြီး အရက်သောက်ခြင်းနဲ့ ကျန်းမာရေးဆက်စပ်မှုအကြောင်းကို ပိုစဉ်းစားပြီး သိချင်လို့ပါ။

ဖြေ။ ။ အရက်သောက်လို့ ကျန်းမာရေးထိခိုက်မှုဖြစ်စေရာမှာ (၁) အရက်ကိုတစ်ထိုင်တည်း အလွန်အကျွံသောက်ပြီး မူးယစ်ခြင်း(Acute Intoxication)၊ (၂) ကြာရှည်သောက်ရာမှ အရက်စွဲခြင်း (Alcohol Dependence)၊ (၃) အရက်ကြာရှည်သောက်ရာမှ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာရောဂါများရရှိခြင်း (Physical and Mental Disorders)နဲ့ (၄) အရက်စွဲသူ အရက်မသောက်ရတဲ့အခါ အရက်နာကျခြင်း (Withdrawal Syndrome)ဆိုပြီး ခွဲခြားပြောနိုင်ပါတယ်။ နားလည်ထားရမှာက အရက်မစွဲပေမယ့်လည်း အရက်သောက်ပြီး ဘေးအန္တရာယ်ဆိုးကျိုးတွေကို ရရှိနိုင်တယ်ဆိုတာပါပဲ။

မေး။ ။ မြန်မာနိုင်ငံမှာ အရက်နဲ့ပတ်သက်လို့ ဥပဒေများ ပြဋ္ဌာန်းထားတာရှိပါသလားဆရာ။

ဖြေ။ ။ ရှိပါတယ်။ ယစ်မျိုးဥပဒေဟာ အရက်နဲ့ပတ်သက်လို့ ထိန်းချုပ်ပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေမှာ အဓိကအားဖြင့် အရက်အမျိုးမျိုးကိုခွင့်ပြုချက်ဖြင့်သာ ချက်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်း/ပြည်ပတင်ပို့ခြင်း၊ လက်လီ/လက်ကားဆိုင်ဖွင့်ခြင်း၊ ရောင်းဝယ်ခြင်း၊ အခွန်အကောက်ခံခြင်းတို့ကို အဓိကပြဋ္ဌာန်းထားပါတယ်။ ဥပဒေနဲ့ပတ်သက်တာတော့ နောက်ကြုံတော့ ဗဟုသုတအနေနဲ့ ပြောပြမယ်ကွာ။

မေး။ ။ ဒါဖြစ်ရင်ဆရာ၊ အရက်ဆိုတာကိုကော ဘယ်လိုအဓိပ္ပာယ်ဖွင့်ထားပါသလဲ။

ဖြေ။ ။ အရက်ဆိုတာက ဓာတုဗေဒအခေါ်အဝေါ်အရတော့ အီသိုင်းအယ်လ်ကိုဟော (Ethyl Alcohol) သို့မဟုတ် အက်သနော(Ethanol)ကို ခေါ်ပါတယ်။ ယစ်မျိုးဥပဒေအရ အရက်စစ်စစ်အီသိုင်းအယ်လ်ကိုဟော အလေးချိန်နဲ့ ထုထည်အချိုး (2mg%) နှုန်းထက်ပိုပြီး ပါဝင်တဲ့အရည်ကို အရက်လို့သတ်မှတ်ပါတယ်။

မေး။ ။ ဒီလိုဆိုရင် အရက်ကို ဘယ်နှမျိုးခွဲခြားခေါ်နိုင်ပါသလဲ။ ပြင်းအားတွေကော ဘယ်လိုပါဝင်ပါသလဲ။

ဖြေ။ ။ အကြမ်းအားဖြင့်တော့ ဘီယာအုပ်စု (Beer)၊ ဝိုင်အုပ်စု (Wine)နဲ့ အပြင်းစားအရက်များ(Spirit or strong)လို့ ခေါ်ကြပါတယ်။ ဘီယာအုပ်စုမှာများသောအားဖြင့် အရက်စစ်စစ် (Pure Alcohol) အလေးချိန်နဲ့ ထုထည်အချိုး (3mg%)ကနေ (10mg%)အထိပါဝင်ပြီး ဝိုင်အုပ်စုကတော့ (9mg%) ကနေ (15mg%) အထိနဲ့ အပြင်းစားအရက်များကတော့(30mg%)နဲ့အထက် ပါဝင်ကြပါတယ်။ ဝိုင်အုပ်စုမှာထုတ်လုပ်တဲ့ အသီးအနှံအပေါ်မူတည်ပြီး စပျစ်ဝိုင်၊ ပန်းသီးဝိုင်စသည်ဖြင့် ခေါ်ဝေါ်ကြပါတယ်။ အပြင်းစားအရက်များကတော့ ဝီစကီ၊ ဘရမ်ဒီ၊ ဂျင်၊ ရမ် စသည်ဖြင့် ပါဝင်ကြပါတယ်။

မေး။ ။ ထန်းရည်၊ ခနိရည်တွေ ကျတော့ကောဆရာ။

ဖြေ။ ။ ထန်းရည်၊ ခနိရည်တွေလည်း အီသိုင်းအယ်လ်ကိုဟော ထုထည် (2mg%) ထက်ပိုပါရင် အရက်လို့ပဲ သတ်မှတ်ရမှာပဲ။

မေး။ ။ တချို့က ဘီယာဆိုတာအရက်မဟုတ်ဘူးလို့ ပြောတာကကော။

ဖြေ။ ။ မှားတာပေါ့။ ထန်းရည်၊ ခနိရည်တောင်မှ အီသိုင်းအယ်လ်ကိုဟော (2mg%)ထက် ပိုပါရင် အရက်လို့ပဲ သတ်မှတ်ရမှာပဲ။ ဘီယာဟာလည်းအရက်ပါပဲ။

မေး။ ။ ဒီတော့ အရက်သောက်ရင် လူကဘယ်လိုဖြစ်လာမလဲဆရာ။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာအင်္ဂါတွေမှာ ဘယ်အင်္ဂါတွေကို ထိခိုက်ပါသလဲဆရာ။ ဥပမာ- ဦးနှောက်၊ သိမှု၊ မှတ်ဉာဏ် စသည်ဖြင့်ပေါ့။

ဖြေ။ ။ အရက်က ခန္ဓာကိုယ်ရဲ့အင်္ဂါနဲ့စနစ်တွေ အားလုံးလိုလိုကို ထိခိုက်တာပါပဲ။ ဦးနှောက်နဲ့ အာရုံကြောနဲ့စပြောမယ်ဆိုရင် အရက်က ဦးနှောက်အာရုံကြောပိုင်းကို ဖိနှိပ်လွှမ်းမိုးတဲ့ သတ္တိရှိပါတယ်။ ဒါကြောင့် အရက်သောက်ပြီးရင် သွေးထဲမှာတက်လာတဲ့ အရက်ရာခိုင်နှုန်း ပမာဏပေါ်မှာမူတည်ပြီး ရီတီတီဖြစ်လာမယ်။ မူးလာမယ်။ လမ်းလျှောက်ရင် ဒယိမ်းဒယိုင်ဖြစ်လာမယ်။ စကားပြောရင် အာလေးလျှာလေးဖြစ်လာမယ်။ သိမှုအာရုံလွဲမှားလာမယ်။ ဒါကြောင့် ဆင်ခြင်နိုင်စွမ်းနည်းလာမယ်။ အရှက်အကြောက်နည်းလာမယ်။ သောက်တာ ပိုပြီးများလာရင်တော့ လုပ်ကိုင်မှုတွေ လွဲမှားလာမယ်။ ပိုမိုစိတ်တိုလာမယ်။ ဒေါသဖြစ်လာမယ်။ ကြမ်းတမ်းရမ်းကားလာပြီး ဒီထက်ပိုသောက်ရင်တော့ သိပ်မူးပြီး အိပ်ပျော်သွားမယ်။ ပမာဏများလွန်းလို့ အရက်အမူးလွန်ရင်လည်း အသက်အန္တရာယ် ထိခိုက်နိုင်ပါတယ်။ နောက်ပြီး အရက်အလွန်အကျွံသောက်လာရင် ဗီတာမင်ဓာတ်တွေ (အထူးသဖြင့် ဘီအုပ်စု)ချို့တဲ့ပြီး အာရုံကြောများ ထုံကျဉ်ရောဂါ (Polyneuritis)၊ (Wernickle's Encephalopathy) ခေါ်တဲ့ ဦးနှောက်ချို့ယွင်းမှု ဖြစ်နိုင်ပြီး ပိုဆိုးရင်တော့ (Korsakoff Psychosis)လို့ခေါ်တဲ့ စိတ်ရောဂါရတဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

မေး။ ။ တခြားအင်္ဂါတွေထိခိုက်တာကော ဆရာ။

ဖြေ။ ။ အရက်ကတော့ အသည်းကိုလည်း အဓိကဒုက္ခပေးတာပဲ။ အသည်းဟာ ခန္ဓာကိုယ်တွင်းဝင်လာသမျှ အဆိပ်အတောက်မှန်သမျှကို အဆိပ်မဖြစ်ဖို့ ခြေဖျက်ပေးရတဲ့ ခံတပ်ဖြစ်တယ်။ ဝင်လာတဲ့အရက်တွေကို အသည်းက ချက်ပေးရဖန်များတဲ့အခါ အသည်းရောင်ခြင်း(Hepatitis)၊ အသည်းအဆီဖုံးခြင်း(Fatty Liver)၊ အသည်းကြွပ်ခြင်း(Liver Cirrhosis)တို့ ဖြစ်နိုင်ပါတယ်။ အသည်းကြွပ်ရောဂါ ဖြစ်ရာကနေ အသည်းကင်ဆာလည်း ဖြစ်သွားနိုင်ပါတယ်။ နောက်ပြီး သရက်ရွက်ကြီးခြင်း (Splenomegaly)၊ အစာရေမျိုသွေးကြောများပွပြီး ပေါက်တတ်ခြင်း (Oeso-pharyngeal Varices and Rupture)၊ ဖျဉ်းစွဲခြင်း (Ascites)၊ အစာအိမ်နှင့် အူလမ်းကြောင်းမှာ နှုတ်ခမ်းကင်ဆာ၊လျှာကင်ဆာ၊အစာရေမျိုရောင်ရမ်းခြင်း(Oeso-phagitis)၊ပန်ကရိယရောင်ခြင်း(Pancreatitis)၊ အစာအိမ်ရောင်ရမ်းခြင်း (Gastritis)၊ သွေးကြောပေါက်၍ သွေးအန်ခြင်း(Haematamesis)နဲ့ အူမကြီးကင်ဆာ (Ca colon) တို့လည်း ဖြစ်တတ်ပါတယ်။ အူမှာလည်း အစာစုပ်အားနည်းသည့် ရောဂါ (Mal-absorption Syndrome) ရနိုင်ပါတယ်။ အရက်အသောက်လွန်ပြီး စားသောက်မှုကို ဂရုမစိုက်ရင်တော့ ဗီတာမင်ချို့တဲ့ခြင်း (Vitamin Deficiency)၊ သွေးတွင် အချိုဓာတ်နည်း၍ ခေါင်းမူးခြင်း(Hypoglycemia)၊ သွေးအားနည်းခြင်း (Anemia) စသည့် ရောဂါတွေဖြစ်နိုင်ပါတယ်။ ဒ့ါအပြင် ကြွက်သားချည့်နဲ့တဲ့ရောဂါတွေနဲ့အတူ လိင်မှုဆိုင်ရာအားနည်းခြင်း (Impotency)ဖြစ်နိုင်ပါတယ်။ အရက်ကြောင့် နှလုံးရောင်ခြင်း (Alcoholic Carditis)၊ နှလုံးရောဂါဖြစ်ခြင်း၊ ကြွက်သားအားနည်းခြင်း၊ ချည့်ခြင်းနဲ့အတက်ရောဂါ (Epilepsy)လည်း ရနိုင်ပါတယ်။ ခန္ဓာကိုယ်အင်္ဂါတွေအကုန်လိုလို ထိခိုက်တာပဲ။

မေး။ ။ စိတ်ပိုင်းနဲ့ အာရုံပိုင်းဆိုင်ရာမှာကော ဘာတွေဖြစ်နိုင်သလဲဆရာ။

ဖြေ။ ။ အရက်စွဲရင် မသောက်ဖြစ်တဲ့အခါ အရက်နာကျတဲ့လက္ခဏာတွေဖြစ်မယ်။ စနစ်တကျမဖြတ်ရင် အရက်ငန်းဖမ်းခြင်း(Delirium Tremens) ဖြစ်နိုင်ပါတယ်။ အဲဒီအခါ နေ့ညမသိ သတိလက်လွတ်ဖြစ်ပြီး ကယောင်ကတမ်းတွေဖြစ်တတ်ပါတယ်။ အသောက်များသူ၊ အသက်ကြီးသူနဲ့ အခြားရောဂါရှိသူတွေဆိုရင် အသက်အန္တရာယ်ရှိလို့ အထူးဂရုစိုက်ကုရပါတယ်။ ဒ့ါအပြင် အရက်ကြာရှည်သောက်ရင် စိုးရိမ်စိတ်လွန်ခြင်း (Anxiety)၊ အကြောက်လွန်ခြင်း (Phobia)၊ အရက်ကြောင့် အာရုံငါးပါးပျက်ပြီး ကယောင်ချောက်ချားဖြစ်ခြင်း (Alcoholic Hallucination)၊ ပတ်ဝန်းကျင်ပေါ်တွင် လွဲမှားသောအယူအဆများနဲ့ ယုံကြည်ချက်အစွဲများဖြစ်ပေါ်ခြင်း (Alcoholic Delusion)၊ အထူးသဖြင့် ဇနီးမယားပေါ်တွင် မဟုတ်မမှန်ဘဲ အခြားသူတစ်ယောက်နှင့်သမုတ်ခြင်း (Morbid Jealousy)၊ စိတ်ကြွရောဂါဖြစ်ခြင်း (Hypomania / mania)၊ စိတ်ကျရောဂါဖြစ်ခြင်း(Depression)၊ စိတ်ကျရောဂါပြင်းထန်ပါက မိမိကိုယ်ကို ထိခိုက်အနာတရဖြစ်အောင်လုပ်ခြင်း၊ အဆုံးစီရင်ခြင်း (Suicide) နဲ့ အရက်စိတ္တဇဖြစ်ခြင်း (Alcoholic Psychosis)တို့ ဖြစ်နိုင်ပါတယ်။ ထို့အပြင် မှတ်ဉာဏ်ချို့ယွင်းပြီး မိသားစုအသိုင်းအဝိုင်း နေရာဒေသတို့ကို မမှတ်မိ မသိရှိတော့သဖြင့် သူငယ်ပြန်သလို အရက်ကြောင့် မှတ်ဉာဏ်ချို့ယွင်းခြင်း (Alcoholic Dementia) ရောဂါလည်း ရနိုင်ပါတယ်။

မေး။ ။ အမျိုးသမီးတွေမှာကော ဘယ်လိုထူးခြားတာတွေ ဖြစ်နိုင်ပါသေးသလဲဆရာ။

ဖြေ။ ။ အမျိုးသမီးတွေမှာ အမျိုးသားများနဲ့စာရင် ရေဓာတ်ထက် အဆီဓာတ်ကများတဲ့အတွက် အရက်ပြင်းအားတူ၊ ပမာဏတူသောက်ရင် အမျိုးသားတွေထက် အမူးပိုလွယ်ပါတယ်။ အသည်းလည်း ပိုထိခိုက်လွယ်တယ်လို့ စာအုပ်တွေမှာဖော်ပြပါတယ်။ ခုနဆွေးနွေးခဲ့တဲ့ ရောဂါတွေဖြစ်နိုင်တဲ့အပြင် အရက်စွဲသူ အမျိုးသမီးတစ်ယောက်ကိုယ်ဝန်ရှိလာမယ်ဆိုရင် ကလေးငယ်မှာ (Fetal Alcohol Syndrome) ရောဂါပါလာနိုင်ပါတယ်။ အဲဒါကတော့ ကလေးသေးသေးလေးမွေးခြင်း၊ တစ်နည်းအားဖြင့် ပေါင်မပြည့်ခြင်း၊ ကြီးထွားမှုနှေးခြင်း၊ မျက်နှာနဲ့ခေါင်းတွင် မွေးရာပါချို့ယွင်းမှုများဖြစ်ခြင်း၊ ဉာဏ်ရည်မမီခြင်း၊ ခန္ဓာကိုယ်ပိုင်း၊ စိတ်ပိုင်းနဲ့ အပြုအမူပိုင်းဆိုင်ရာ ဖောက်ပြန်မှုတွေဖြစ်နိုင်ပါတယ်။ ဒါကတော့ အရက်က သန္ဓေသားပေါ်မှာ တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်ပါတယ်။

မေး။ ။ အရက်ကြောင့် ဖြစ်နိုင်သောရောဂါတွေ ခန္ဓာကိုယ်ရော စိတ်ရောများလှချည်လားဆရာ။

ဖြေ။ ။ ဒါတင်မကသေးပါဘူး။ လူမှုရေးမှာလည်း အိမ်ထောင်ရေး၊ မိသားစု၊ အလုပ်ခွင်ပြဿနာများ၊ လမ်းပေါ်မှာ ယာဉ်မတော်တဆတိုက်မှုများနဲ့အတူ ရာဇဝတ်မှုဖြစ်တတ်တယ်ဆိုတာ မြင်နေကြားနေကြတာပါပဲ။ ဒ့ါကြောင့် ဆရာတို့အနေနဲ့ အရက်သေစာသောက်စားမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးအန္တရာယ်တွေကို လျှော့နည်းကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါတယ်။

မေး။ ။ နည်းလမ်းလေးတွေ ပြောပြပေးပါလားဆရာ။

ဖြေ။ ။ အရက်ကတော့ လူမှုရေးအရ အနည်းနဲ့အများဆိုသလို ကမ္ဘာနဲ့အဝှမ်း သောက်သုံးနေကြတာ တွေ့မြင်နေကြပါတယ်။ ဒါပေမယ့် အရက်သောက်ခြင်းဟာ ကျန်းမာရေးထိခိုက်နိုင်တဲ့ အချက်တစ်ခုဖြစ်တာ ငြင်းလို့မရပါဘူး။ သုတေသနလေ့လာမှု အထောက်အထားတွေ အများကြီးရှိပါတယ်။ နည်းနည်းပဲသောက်သောက်၊ များများပဲသောက်သောက် ကြာရှည်သောက်လာရင်တော့ ဖြစ်နိုင်ခြေများလာတာပေါ့။ ဒီတော့ အရက်ကိုသောက်တဲ့အကျင့် မလုပ်တာကတော့ ကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုလျှင် အကောင်းဆုံးပါပဲ။ ဒ့ါကြောင့် အထူးသဖြင့် အသက်အရွယ် ငယ်ရွယ်စဉ် ကျောင်းသား၊ ကျောင်းသူတွေကို ဦးတည်ပစ်မှတ်ထားပြီး အရက်ကာကွယ်ရေးပညာပေးများ ပြုလုပ်လျက်ရှိပါတယ်။ အရက်စွဲနေသူများကို အစိုးရကျန်းမာရေးဆေးပေးခန်း၊ ဆေးရုံတွေမှာ ဆေးကုသပေးလျက်ရှိပါတယ်။ အရက်ကြောင့် စိတ်ပိုင်းဆိုင်ရာ ဖောက်ပြန်မှုဖြစ်ရင်လည်း စိတ်ကျန်းမာရေးဆေးရုံများနဲ့ စိတ်ကျန်းမာရေးဆေးကုဌာနများမှာ ဆေးကုသပေးလျက်ရှိပါတယ်။ အရက်သောက်တတ်ပြီး အကျင့်ဖြစ်နေသူတွေကိုလည်း အရက်ကြောင့်ဖြစ်တဲ့ ဘေးဒုက္ခဆိုးကျိုးတွေအမျိုးမျိုးကို ပညာပေး သိမ်းသွင်းစည်းရုံးဖို့လိုပါတယ်။ အရက်သောက်ခြင်းကြောင့် ရောဂါတွေဖြစ်နိုင်သလို အရက်မသောက်ခြင်းဖြင့် ရောဂါအများအပြားနဲ့ အခြားဘေးဒုက္ခတွေကို ကာကွယ်ရာ ရောက်ပါတယ်။ အရက်ကို စွဲလမ်းစွာ အကျင့်ပါနေသူများအနေနဲ့လည်း ဆေးရုံ ဆေးပေးခန်းမှာ စနစ်တကျကုသပြီး မိမိရဲ့အမူအကျင့်ကို တဖြည်းဖြည်းပြုပြင်ဖို့ ကြိုးစားသင့်ပါတယ်။

မေး။ ။ အရက်ကို အစိမ်းဖြတ်ရင် အန္တရာယ်ရှိတယ်ဆိုတာ ဟုတ်ပါသလားဆရာ။

ဖြေ။ ။ ဟုတ်ပါတယ်။ အစိမ်းဖြတ်တယ်ဆိုတာ ဆေးမကုဘဲ၊ အရက်ကိုမသောက်တော့ဘဲ ဖြတ်လိုက်တာကို ပြောတာပါ။ အရက်စွဲသူများတွင် အသက်အရွယ်ကြီးသူ၊ အရက်ပမာဏများများသောက်သူ၊ ရောဂါခံရှိသူ၊ အားနည်းချည့်နဲ့သူများဟာ ဆေးရုံ ဆေးခန်းတွေမှာ ကုသသင့်ပါတယ်။ အထူးသဖြင့် အတွင်းလူနာအနေနဲ့ တက်ရောက်ကုသမှု ခံယူသင့်ပါတယ်။

မေး။ ။ တချို့ကလည်း အရက်ဖြတ်ပြီး ဆေးဝါးတွေသောက်နေတဲ့ အချိန်မှာ အရက်ပြန်သောက်မိရင် သေတတ်တယ်ဆိုပြီး အကြောင်းပြပြီး အရက်ကို မဖြတ်လိုကြပါဘူး။ အဲဒါရှင်းပြပါဦးဆရာ။

ဖြေ။ ။ မဟုတ်ပါဘူး။ အရက်ဖြတ်ပြီး မတော်တဆပြန်သောက်မိရင်လည်း ပြန်ဖြတ်ဖို့ ကြိုးစားသင့်ပါတယ်။ မသေနိုင်ပါဘူး။ အယူအဆမှားဖြစ်ပါတယ်။

မေး။ ။ ဆေးရုံက ဆင်းပြီးသူအနေနဲ့ ဘာဆက်လုပ်သင့်ပါသလဲဆရာ။

ဖြေ။ ။ အရက်စွဲခြင်းဟာ ရောဂါပိုးတစ်မျိုးမျိုးကြောင့်ဖြစ်တာမဟုတ်ဘဲ မိမိရဲ့အမူအကျင့်၊ စိတ်ခံစားမှုနဲ့ ပတ်ဝန်းကျင်စေ့ဆော်မှုတွေကြောင့် ဖြစ်ပါတယ်။ ဆေးတစ်မျိုးတည်းကို အားကိုးလို့ အရက်မပြတ်နိုင်ပါဘူး။ ဒါပေမယ့်လည်း ဆရာဝန်ညွှန်ကြားတဲ့ဆေးတွေကို မှန်မှန်သောက်နေခြင်း၊ ဆရာဝန်နဲ့ မကြာခဏထိတွေ့နေခြင်းဟာ မိမိစိတ်ကိုထိန်းဖို့ တွန်းအားတစ်ခုဖြစ်ပါတယ်။ တိုက်တဲ့ဆေးတွေကတော့ အရက်ဖြတ်ထားစဉ်ကာလ အဦးပိုင်းမှာ ညအိပ်ရေးပျက်ခြင်း၊ စိတ်ဆတ်ခြင်း၊ စိတ်တိုခြင်း၊ ဒေါသကြီးခြင်း စသည်တို့အတွက် သက်သာရာရအောင် စိတ်ငြိမ်ဆေးများပေးခြင်းဖြစ်တဲ့အတွက် ဆေးမှန်မှန်သောက်သင့်ပါတယ်။

မေး။ ။ နောက်ကော ဆရာ။

ဖြေ။ ။ အရက်ပြတ်ဖို့အတွက် ဆေးတစ်မျိုးတည်းကို အားမကိုးဘဲ မိမိရဲ့ (Life Style) လို့ခေါ်တဲ့ ပတ်ဝန်းကျင်နဲ့ သက်ဆိုင်တဲ့ လူမှုရေး နေထိုင်မှုပုံသဏ္ဌာန်တွေ ပြုပြင်ပြောင်းလဲဖို့လိုပါတယ်။ စိတ်ပိုင်းဆိုင်ရာကို ပြုပြင်တဲ့နေရာမှာ အရက်ဖြတ်ဖို့ ကြိုးစားနေတဲ့တစ်ချိန်တည်းမှာပဲ အရက်နဲ့နီးစပ်အောင်မနေခြင်း၊ အရက်ကို စွဲစွဲမြဲမြဲသောက်သူများနဲ့ သွားလာပေါင်းသင်းမှုဆင်ခြင်ခြင်း၊ ဖြစ်နိုင်ရင် ရှောင်ကြဉ်နေခြင်း၊ အရက်ပါဝင်တဲ့ထမင်းစားပွဲ၊ ပျော်ပွဲရွှင်ပွဲများကိုရှောင်ခြင်း၊ အားကစားတစ်ခုခုကို အချိန်မှန်မှန်လိုက်စားခြင်း၊ အားလပ်တဲ့အချိန်မှာ မိမိဝါသနာပါရာ စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းများအပြင် ပန်းချီဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ တံဆိပ်ခေါင်းစုခြင်း၊ လက်မှုပညာအလုပ်တစ်ခုခုကိုလုပ်ခြင်း၊ နှစ်သက်ရာ အိမ်မွေးတိရစ္ဆာန်ငယ်များမွေးခြင်း စသည်တို့ပြုလုပ်ပြီး အချိန်ကုန်စေသင့်ပါတယ်။ အချိန်ပိုကို အကျိုးရှိစွာနဲ့ ဝါသနာပါရာအလုပ်တစ်ခုကို အာရုံထားပြီး ဆောင်ရွက်သင့်ပါတယ်။

မေး။ ။ ဘာသာရေးကကော ဆရာ။

ဖြေ။ ။ ဘာသာတရားမှာ သင့်တော်သလိုအချိန်ပေးပြီး တရားထိုင်ခြင်း၊ တရားစခန်းဝင်ခြင်းတို့ဟာလည်းပဲ စိတ်နဲ့အမူအကျင့် ပြုပြင်ပြောင်းလဲရာမှာ ကောင်းတဲ့နည်းလမ်းများ ဖြစ်ပါတယ်။

မေး။ ။ နောက်တစ်ခုကတော့ ဆရာရယ်၊ အရက်သောက်ပြီး ယာဉ်ရထားမောင်းတဲ့ကိစ္စ ရှင်းပြပါဦး။

ဖြေ။ ။ အရက်သောက်ထားရင် မည်သည့်စက်၊ ယာဉ်ရထားကိုမှ မမောင်းသင့်ပါဘူး။ မူးရင်မမောင်းနဲ့ မောင်းရင်မမူးနဲ့ဆိုတာ ကျွန်တော်တို့ တစ်ချိန်လုံး သတိပေးနေတာပဲ။

မေး။ ။ ဟုတ်ပါပြီ။ ဒါဆိုရင် ဘယ်လိုကန့်သတ်ချက်ရှိပါသလဲ။

ဖြေ။ ။ အရက်သောက်ထားသူတစ်ဦး ယာဉ်ရထားမောင်းလို့ ယာဉ်မတော်တဆမှုဖြစ်ရင် ယာဉ်တိုက်မှုကတော့ သက်ဆိုင်ရာက ဥပဒေအရ အရေးယူမှာပဲ။ တကယ်လို့ ယာဉ်မောင်းသူရဲ့အာငွေ့ကို ပါးစပ်မှာတိုင်းတဲ့ ကိရိယာလေးနဲ့ တိုင်းကြည့်လို့ အရက်ချိန်ပမာဏ (၇၀ မီလီဂရမ် ရာခိုင်နှုန်း)ထက်များရင် မူးမောင်းမှုနဲ့ ထပ်ပြီး အရေးယူခံရမှာပဲ။

မေး။ ။ အာငွေ့ကိုတိုင်းတာနဲ့ ဘယ်လိုသိမှာလဲဆရာ။

ဖြေ။ ။ အာငွေ့ကို အဲဒီစက်ကလေးနဲ့တိုင်းရင် သွေးထဲက အရက်ပမာဏ အချိန် (Level) ကို တိုက်ရိုက်ဖတ်ယူရရှိပါတယ်။

မေး။ ။ ဘာဖြစ်လို့ (၇၀ မီလီဂရမ် ရာခိုင်နှုန်း)ထားတာလဲ ဆရာ။

ဖြေ။ ။ သွေးထဲက အရက်ပမာဏ(၇၀ မီလီဂရမ် ရာခိုင်နှုန်း)ထက်ကျော်ရင် လူဟာမူးယစ်ပြီး အာရုံကြောတွေ လေးလံထိုင်းမှိုင်းမယ်။ ကြွက်သားလှုပ်ရှားမှုတွေ နှေးကွေးမယ်။ ဒါကြောင့် ယာဉ်ကိုကိုင်တွယ်ရာမှာ ချိန်ဆမှု၊ တုံ့ပြန်မှုတွေ၊ မှန်းဆချက်တွေ နှေးကွေးလွဲမှားပြီး ယာဉ်မတော်တဆမှု ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ (၇၀ မီလီဂရမ် ရာခိုင်နှုန်း) ထားတာပါ။

မေး။ ။ အခြားနိုင်ငံတွေမှာကော ဆရာ။

ဖြေ။ ။ အခြားနိုင်ငံတွေမှာလည်း ရှိပါတယ်။ များသောအားဖြင့် (၆၀-၇၀-၈၀) မီလီဂရမ်ရာခိုင်နှုန်းစသည်ဖြင့် ထားတတ်ကြပါတယ်။

မေး။ ။ အရေးယူမှုပိုင်းက ဆရာတို့က ယူတာလား။

ဖြေ။ ။ မဟုတ်ပါဘူး။ ကျွန်တော်တို့က (၇၀ မီလီဂရမ် ရာခိုင်နှုန်း) သတ်မှတ်ပေးတာပါ။ အရေးယူမှုပိုင်းကတော့ သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့က ဆောင်ရွက်ပါတယ်။

မေး။ ။ ဒီလိုဆိုရင် လူတစ်ဦးချင်းအရက်ပြတ်ဖို့ရော ပြည်သူလူထုအနေနဲ့ အရက်အန္တရာယ်ဆိုးကျိုးတွေ ခံစားရမှုလျှော့နည်းဖို့အတွက် ဘက်ပေါင်းစုံ လုပ်ကြရမှာပေ့ါနော်။

ဖြေ။ ။ သိပ်ဟုတ်တာပေ့ါဗျာ။ အရက်ပြဿနာဟာ ကျန်းမာရေးပြဿနာ သက်သက်မဟုတ်ပါဘူး။ လူမှုရေးပြဿနာလည်း ဖြစ်တဲ့အတွက် ဝန်ကြီးဌာနအသီးသီး၊ အခြားသက်ဆိုင်ရာဌာနများနဲ့ အဖွဲ့အစည်းအသီးသီးတို့ဟာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုတွေ အများကြီးလုပ်ဖို့လိုပါတယ်။ ပြည်သူလူထုအပိုင်းကလည်း ပါဝင်ဖို့လိုပါတယ်။ တစ်နည်းအားဖြင့် အရက်သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း (Alcohol Policy) တွေနဲ့အတူ စနစ်တကျဆောင်ရွက်ဖို့ လိုအပ်တယ်လို့ တိုက်တွန်းဆွေးနွေးချင်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ဒီလို ကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေပြည့်စုံကြမှ အခုကျွန်တော်တို့ပြောနေတဲ့ ကျန်းမာမှုနဲ့လျော်ညီတဲ့ နေထိုင်စားသောက်မှုသဏ္ဌာန် (Healthy Life Style)ကို နားလည်ကျင့်သုံးကြရင် အရက်ကြောင့်ဖြစ်တဲ့ ဆိုးကျိုးဘေးအန္တရာယ်တွေ နည်းပါးကင်းဝေးပြီး အသက်ရှည်စွာ အနာမဲ့ကြောင်းဆိုတဲ့ ကျွန်တော်တို့ရဲ့ရည်မှန်းချက်တွေ ပြည့်ဝအောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်။

မေး။ ။ ကျေးဇူးတင်ပါတယ် ဆရာ။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်အပ်နှင်း၊ သင်တန်းသားသစ်ကြိုဆို

ရန်ကုန် ဇွန် ၂၆

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်တန်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါတက္ကသိုလ် ဗဟိုဆောင် ဘာဝနာမဟာသဘာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသ အမှူးပြုတော်မူသော ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား ရဟန်းတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ပရိသတ်တို့က ဩဝါဒကထာကို နာယူကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသက သင်တန်းသား ရဟန်းတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဒီပလိုမာအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများက အဓိဋ္ဌာန်ပြုကြသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသက သင်တန်းသား လူပုဂ္ဂိုလ်တစ်ဦးအား ဒီပလိုမာအောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ယင်းနောက် ပါမောက္ခချုပ်ဆရာတော်က သင်တန်းသားသစ် ရဟန်းတော်များအား ကျောင်းတံဆိပ်ပါ ကတ္တီပါယပ်များကို လည်းကောင်း၊ သင်တန်းသားသစ် သီလရှင်များ၊ လူပုဂ္ဂိုလ်များအား ကျောင်းတံဆိပ်ပါ ယောဂီလောဘက်များကိုလည်းကောင်း သင်တန်းသားသစ်များအဖြစ် အသိအမှတ်ပြု အပ်နှင်းပြီး ဩဝါဒကထာနှင့် သမ္မောဒနီယသန္ဒေသကထာကို မြွက်ကြားတော်မူသည်။
(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

စိမ်းရပ်တောခွင် အလှဆင်စို့

✻ စိမ်းရပ်တောခွင်၊ အလှဆင်ရန်
အားအင်စုရုံး၊ မြို့ရွာလုံးကျွတ်
အပြုံးနှင့်ယှဉ်၊ အမှန်မြင်လျက်
သစ်ပင်များစွာ စိုက်ပျိုးပါစို့။ ။
✻ အိမ်ရာတွင်းပြင်၊ စားသုံးပင်နှင့်
သီးပင်ရိပ်ပင်၊ လုံ့လယှဉ်လျက်
အလျဉ်မပြတ်၊ မြေမလပ်အောင်
စိမ်းရပ်တောခွင် အလှဆင်စို့။ ။
✻ မြတ်သောသစ်ပင်၊ ကျေးဇူးရှင်ဟု
သိမြင်စိတ်တွင်၊ ပုံရိပ်ထင်လျက်
လူ့ခွင်အကျိုး၊ သူသယ်ပိုးသို့
သူ့ကျိုးတွက်ရည်၊ ဒို့များသည်လည်း
ညီညာစိတ်ဝမ်း၊ တူပြိုင်ထမ်းစို့
စိမ်းလန်းသည့်ပြည် ငါတို့တည်။
အားလုံးသစ်ပင်စိုက်ကြမည်။
သန်းပေါင်းသုံးဆယ် ပင်ပေါင်းညီ။
သစ်ပင်စိုက်ပွဲ နွဲကြမည်။ ။

စလင်းအောင်မြင့်ဦး (ပြန်/ဆက်)

ကချင်ပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် ဇွန် ၂၆

၂၀၁၁ ခုနှစ် ကချင်ပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ်ကျောင်းပရဝဏ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားပြီး သစ်ပင်များစိုက်ပျိုးပေးသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်းတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများထံ ပျိုးပင်များကို ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရတနာတန်းဝင်သစ်မွှေးပင်ကို စိုက်ပျိုးပေးကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ သစ်ပင်စိုက်ပျိုးပွဲ၌ ပြည်သူအင်အား ၁၀၀၀ ကျော်တို့က ရတနာတန်းဝင် ကျွန်း၊ သစ်မွှေးနှင့် ကံ့ကော်ပင် စုစုပေါင်းပျိုးပင် ၂၀၀၀ စိုက်ပျိုးပေးကြသည်။ ကချင်ပြည်နယ်သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်အတွင်း ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်မွှေးနှင့် အရိပ်ရပင် စုစုပေါင်းနှစ်သိန်း ငါးသောင်းကို လူထုအတွင်းသို့ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်သည်။
(သတင်းစဉ်)

ကချင် ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း ကချင်ပြည်နယ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲ တွင် သစ်ပင် စိုက်ပျိုး ပေးစဉ်။
(သတင်းစဉ်)

နေပြည်တော်တစ်ခွင် မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် လယ်ဝေးမြို့နယ်

နေပြည်တော် ဇွန် ၂၆

နေပြည်တော် လယ်ဝေးမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။**(အောက်ပုံ)**

ဆက်လက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပျိုးပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ယခုနှစ်အတွင်း အဆိုပါမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် သစ်မာ ၂၀ စီ၊ စံပြကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာတစ်ဧကစီ အပါအဝင် လူထုဖြန့်ပျိုးပင် ၂၂၀၉၉၆ ပင်နှင့် ဌာနအစီအစဉ်ဖြင့် ပျိုးပင် ၅၇၀၀၀၀ တို့ကို စိုက်ပျိုးလျက်ရှိသည်။ (သတင်းစဉ်)

နေပြည်တော် ဇေယျာသီရိမြို့နယ်

နေပြည်တော် ဇွန် ၂၆

နေပြည်တော် ဇေယျာသီရိမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် မုခ်ဦး (၂)အနီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင် တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်း အင်အား ၅၅၀ တို့က ကျွန်း၊ ကံ့ကော်၊ ခရေ၊ မဲဇလီ၊ စိန်ပန်း၊ ကုက္ကို၊ မဟော်ဂနီ၊ ယူကလစ်၊ တမာ၊ သပြေ၊ ရင်းမာ၊ စွယ်တော်၊ ငုရွှေဝါ စုစုပေါင်း ၁၀၁၂ ပင်တို့ကို စိုက်ပျိုးပေးခဲ့သည်။ (သတင်းစဉ်)

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်

နေပြည်တော် ဇွန် ၂၆

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် တက်ရောက်၍ ခရေပင်ကိုစိုက်ပျိုးပေးသည်။**(အောက်ပုံ)** ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ပိတောက်၊ ယူကလစ်၊ ကျွန်း၊ ကုက္ကို၊ မဲဇလီ စုစုပေါင်းအပင် ၉၀၀ စိုက်ပျိုးခဲ့ကြသည်။
(သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများအနေဖြင့် စေတနာနှင့် အနစ်နာခံပြုစုစောင့်ရှောက်ပေးနေ

စေတနာမပါသော ဝန်ထမ်းအနည်းငယ်တို့၏ လုပ်ရပ်များကြောင့် ကျန်းမာရေးဝန်ထမ်းလောက ဂုဏ်သိက္ခာနှင့် နာမည်ထိခိုက်မှုများရှိခဲ့

၁ ရွှေဖုံးမှ

ရွှေဘုံသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသထံမှ ဒုတိယသမ္မတနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်တို့က ဆရာတော်ထံ သက်နံးအစရှိသော လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အင်းလေးဒေသလုံးဆိုင်ရာ စာပြန်ပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များတည်းခိုသီတင်းသုံးနိုင်ရန် ရည်ရွယ်၍ အင်းလေးဟဲယာရွာမ၌ တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်တော်ကြီး အပြီးသတ်ဆောက်လုပ်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်က အလှူငွေ ကျပ် သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ရေစက်သွန်းချ

ထို့နောက် အင်းလေးရွှေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရား ဇလသာလာဆောင်၌ ကျင်းပသည့် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အင်းလေးကန်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ထူးခြားချက်များ၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အင်းလေးကန် ပတ်ဝန်းကျင်၌ ဇီဝမျိုးကွဲများ တည်ရှိမှုအခြေအနေ၊ အင်းလေးကန်အတွင်း စီးဝင်သည့် ချောင်းများနှင့် သဘာဝရေထွက်ဦးများ၊ သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှုအခြေအနေ၊ အင်းလေးကန်အတွင်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာမှုအခြေအနေ၊ အင်းလေးကန်ထိန်းသိမ်းရေးအတွက် ၂၀၁၀ ခုနှစ် မတိုင်မီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် တွေ့ရှိချက်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အင်းလေးကန်အတွင်း ရေဝင်ရောက်မှုနှင့်ရေစီးဆင်းမှု အခြေအနေ၊ နမ့်လတ်ချောင်း၏ နုန်းထိန်းတမံအထက်ပိုင်း၌ ဆည်တည်ဆောက်ရန် ဆည်မြောင်းဦးစီးဌာနက ကွင်းဆင်းလေ့လာစူးစမ်းတိုင်းတာမှုများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်ရင်တို့က အင်းလေးကန်နှင့် ဆက်စပ်သည့် နယ်မြေများ၌ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးရာတွင် အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းသဘာဝအမွေအနှစ်ဖြစ်ပြီး အာဆီယံတွင်လည်း 'ASEAN Cultural Heritage'အဖြစ်သတ်မှတ်ထားသည့် သဘာဝရေအိုင်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်ကောက်ယူစာရင်းအရ အင်းလေးကန်နှင့် ဝန်းကျင်ဒေသ၌ ကျေးရွာအုပ်စု ၃၆ အုပ်စု၊ အိမ်ထောင်စုပေါင်း ၃၄၂၇၂ စုနှင့် လူဦးရေ ၁၇၃၀၉၉ ဦး နေထိုင်လျက်ရှိကြောင်း၊ အင်းသား၊ ပအိုဝ်း၊ ရှမ်း၊ ပလောင်၊ ဓနု၊ ဗမာစသော တိုင်းရင်းသားလူမျိုးများ နေထိုင်ကြပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် အသက်မွေးလျက်ရှိကြောင်း။

Global Climate Change ၏ အကျိုးသက်ရောက်မှုကြောင့် ၂၀၀၉ ခုနှစ်က မြန်မာနိုင်ငံ၌ မိုးရွာသွန်းမှုနည်းပါးခြင်း၊ ၂၀၁၀ ခုနှစ် မေလအတွင်း ထူးကဲစွာ အပူချိန်မြင့်တက်လာခြင်း၊ မုတ်သုံမိုးနောက်ကျခြင်းတို့ ဖြစ်ပေါ်လာခဲ့ပြီး တစ်နိုင်ငံလုံး၌ ရေခန်းခြောက်ရှားပါးမှုများနှင့် တွေ့ကြုံနေရကြောင်း၊ ထိုအခြေအနေကြောင့် အင်းလေးကန်၌ ရေထိန်းသိမ်းထားမှု အနည်းဆုံးဖြစ်ကာ ကန်အတွင်း သောက်သုံးရေ ရှားပါးခြင်းနှင့် သွားလာရာတွင် အခက်အခဲတို့ကို ဖြစ်ပေါ်စေခဲ့ကြောင်း။

ဖွံ့ဖြိုးရေးမဏ္ဍိုင်

အင်းလေးကန်အတွင်း ရေတည်ရှိနေမှု၊ စဉ်ဆက်မပြတ် ရေစီးဆင်းနေမှုသည် ဒေသနေပြည်သူတို့၏ လူမှု-စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်သာမက အင်းလေးကန် ဘီလူးချောင်းမှ စီးဝင်သောရေဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်ထားသော လောပိတရေအားလျှပ်စစ်သည်လည်း မြန်မာနိုင်ငံ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖွံ့ဖြိုးရေးမဏ္ဍိုင်ကြီးဖြစ်ကြောင်း၊ ထို့ကြောင့် အင်းလေးကန်ရေဝင် နည်းလာသည်နှင့်အမျှ နိုင်ငံတော်ကုန်ထုတ်စွမ်းအားကိုလည်း အချိုးကျ လျော့ကျစေလိမ့်မည်ဟု ခန့်မှန်းရကြောင်း။

အင်းလေးကန်အကျယ်အဝန်းတွင် မူလက ရေပြင်ဧရိယာ ၁၀၀ စတုရန်းမိုင်ရှိသော်လည်း ၂၀၀၇ ခုနှစ် စာရင်းအရ ၂၄ စတုရန်းမိုင်သာရှိပြီး ရေဝေရေလဲဧရိယာမှာ ၂၁၆၆ ဒသမ ၈ စတုရန်းမိုင်ရှိကြောင်း။

အင်းလေးကန်အတွင်းသို့ ရေစီးဝင်လာသော ချောင်းပေါင်း ၂၉ ခုရှိပြီး အဓိကစီးဝင်နေသော ချောင်း လေးချောင်းရှိကြောင်း၊ ထိုချောင်း လေးခုသည် ရာသီမရွေးစီးဝင်သော ချောင်းများဖြစ်ပြီး ကျန်ချောင်းများသည် မိုးရာသီမှသာ ရေစီးရေလာကောင်းသည်ကို တွေ့ရကြောင်း။

ရေစီးဝင်ပမာဏ

အဓိကချောင်း လေးခုသည် ရာသီမရွေးစီးဝင်သည်ဟု ဆိုသော်လည်း အချိန်ကာလ ပြောင်းလဲတိုက်စားလာသည်နှင့်အမျှ ရေစီးဝင်ပမာဏမှာလျော့လာလိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ ကျွန်းမျောများအနေဖြင့် သဘာဝကျွန်းမျောများနှင့် ရေခြံပြုလုပ်၍ သီးနှံစိုက်ပျိုးသော ကျွန်းမျောများဟူ၍ တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေခြင်းကြောင့် အင်းလေးကန်အတွင်း စိုက်ပျိုးမြေတိုးချဲ့ကာ ရေထိန်းသိမ်းနိုင်မှုပမာဏကို လျော့နည်းလာစေကြောင်း။

အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်နှင့်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ ဆောင်ရွက်ရန်လိုအပ်ပြီး အဆိုပါလုပ်ငန်းရပ်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆည်မြောင်းဦးစီးဌာနတို့က လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး သက်ဆိုင်ရာဌာနများက ရေးဆွဲထားသော စီမံချက်များအတိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အင်းလေးကန်ရှိ ဇီဝမျိုးကွဲများ ရေရှည် တည်တံ့ခိုင်မြဲစေရေးနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ရန် ကိစ္စရပ်များကို တောင်ကြီးတက္ကသိုလ်မှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စဉ်ဆက်မပြတ် သုတေသနပြုလုပ်၍ စာတမ်းများ တင်ပြနေရန်လိုအပ်ပြီး ယင်းစာတမ်းပါအချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက အလေးအနက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရန်နှင့် စိမ်းလန်းစိုပြည်ရေးအတွက် အောက်ပါလုပ်ငန်းများကို အလေးအနက်ထား၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

- အင်းလေးကန်တွင် နောက်ထပ် ကျေးရွာများ၊ အိမ်များ၊ ကျွန်းမျောများ တိုးချဲ့တည်ဆောက်မှု မပြုရန်။
- အင်းလေးကန်အတွင်းမှ မလိုအပ်သော ကျွန်းမျော၊ ဒိုက်၊ မှော်၊ နုန်းမြေများကို ဆယ်ယူဖယ်ရှားရှင်းလင်းရန်။
- ချောင်းများရေစီးရေလာကောင်းအောင် ပြန်လည်ထိန်းသိမ်းပြုပြင်ရန်။
- အင်းလေးကန်ပတ်လည် မိုင် ၂၀ အတွင်း သစ်တောသစ်ပင်များ ခုတ်ယူခြင်းနှင့် တောင်ယာများပြုလုပ်ခြင်းကို တားမြစ်ရန်။
- ကျွန်းမျောများကို ရေခြံပြုလုပ်ခြင်းကို တားမြစ်ရန်။
- ရာသီဥတုမျှတ၍ မိုးရေချိန်လက်မ မြင့်တက်လာစေရေးအတွက် ရေဝေရေလဲဒေသများတွင် ရွက်စိမ်းသစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်း ကာကွယ်ခြင်းများကို ဆောင်ရွက်ရန်။
- နုန်းပြိုကျမှု ထိန်းသိမ်းရန်အတွက် နုန်းတားဆည်များ တည်ဆောက်ပေးရန်။
- သောက်သုံးရေရရှိရေး ရေအရင်းအမြစ်များရှာဖွေတည်ဆောက်ရန်။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အင်းလေးကန်သည် အမျိုးသားရေးလိုအပ်ချက်ဖြစ်ကြောင်း ဒေသခံများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်
- အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေ ဖောင်ဒေးရှင်းတစ်ရပ်ကို နိုင်ငံတော် မတည်မှု၊ လုပ်ငန်းရှင် ထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ရာ ထိုကော်မတီအနေဖြင့် အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

အလှူငွေပေးအပ်

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်ထုတ်ကုမ္ပဏီလုပ်ငန်းရှင်များက အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်က လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရားမှ စက်ရေယာဉ်ငယ်များဖြင့် အင်းလေးခေါင်တိုင်သို့ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ တောင်ကြီးမြို့စဝ်စံထွန်း ဆေးရုံကြီးသို့ ရောက်ရှိကြသည်။

အားပေးထောက်ပံ့

ဆက်လက်၍ ဒုတိယသမ္မတသည် စဝ်စံထွန်းဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်လင်းနှင့် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဆေးရုံ၌တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဓာတ်မှန်ခန်း၊ မျက်နှာမေးရိုး၊ သွားနှင့် အထူးကုဌာန၊ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းနှင့် သွေးလှူဘဏ်၊ ဇီဝဓာတုဓာတ်ခွဲခန်း၊ ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ကုသဆောင်၊ တီဗွီဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆရာဝန်၊ ဆရာမများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်လင်းက စဝ်စံထွန်းဆေးရုံကြီး၏ မြေရာဇဝင် သမိုင်းနှင့် ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ထားမှုအခြေအနေ၊ ဆေးကုသဌာနများနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဆေးရုံကြီး၏ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်မှု၊ အခမဲ့ဆေးကုသပေးသည့် လူနာဦးရေ၊ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုနှင့် လိုအပ်မှုများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် စဝ်စံထွန်းဆေးရုံကြီးကို ရုရှား-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရုရှားနိုင်ငံက တည်ဆောက်ပေးခဲ့ပြီး ၁၉၆၁ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ရုရှားနိုင်ငံအကူအညီဖြင့် တည်ဆောက်ခဲ့သည့်အတွက် ယခုဆေးရုံကြီးကို ယခင်က ရုရှားဆေးရုံဟု ခေါ်ဝေါ်ခဲ့သော်လည်း နိုင်ငံတော်၏ အာဇာနည်ခေါင်းဆောင်စာရင်းဝင်ဖြစ်သော စဝ်စံထွန်းကို ဂုဏ်ပြုသည့်အနေဖြင့် စဝ်စံထွန်းဆေးရုံကြီးဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤဒေသတစ်ဝိုက်တွင် ယခင်က အလွန်နာမည်ကြီးသောဆေးရုံကြီးလည်းဖြစ်ကြောင်း။

နှစ်ပေါင်း ၅၀ ခန့် ကြာလာပြီဖြစ်သည့်အတွက် ဟောင်းသင့်သလောက်ဟောင်း၊ ပြောင်းသင့်တာပြောင်းနေသည်ကို တွေ့ရသော်လည်း တာဝန်ကျ ဆရာဝန်၊ ဆရာမများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုထက်တိုင် တောင်ကြီးမြို့သာမက ပတ်ဝန်းကျင် မြို့နယ်ဒေသအားလုံးရှိ လူနာများအား ပြုစုကုသပေးနေရသော ဆေးရုံကြီးပင်ဖြစ်ကြောင်း၊ ဆေးရုံကြီးအနေဖြင့် ပြည်သူအများ ယုံကြည်အားကိုးရသော ဆေးရုံတစ်ရုံဖြစ်လာနိုင်ရန် ဆေးဝါးကုသရေးသာမက လူနာများအား ဆက်ဆံရာတွင်လည်း နွေးထွေးရန် ပိုမိုလိုအပ်ကြောင်း၊ တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ အထူးကုဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ လူနာများအပေါ်ထားရှိသော စေတနာသည်လည်း လွန်ခဲ့သော နှစ် ၅၀ ခန့်က ထားရှိသည့် စေတနာထက် မလျော့စေဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဂရုတစိုက် အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

ကွာဟမှုလျော့

ဆေးရုံ၊ ဆေးပေးခန်းများ၊ ကျန်းမာရေးဌာနများကို ယခင်အစိုးရလက်ထက်က တတ်အားသမျှ တိုးမြှင့်ဆောက်လုပ်ပေးခဲ့ရာ ယခုတစ်နိုင်ငံလုံးအတိုင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	"နေကောင်းရဲ့လား" တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၆:၄၀	ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
၆:၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၇)**
၇:၃၀	MRTV-4 သတင်း
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၅)**
၈:၅၀	နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ နုဂ္ဂဟအသင်းနှင့်တွေ့ဆုံခြင်း
၉:၀၅	သာသနာ့အမွေလှူပေးဝေ
၉:၁၅	အိမ်တွင်းစီးပွားမုန့်လုပ်နည်း ပညာများ
၉:၃၀	စာအုပ်ပြခန်း
၉:၅၀	ရန်ကုန်မြင်ကွင်းကျယ်
၁၀:၀၅	MCC Kid's 2011 Mandalay သင်တန်းဆင်းပွဲ
၁၀:၂၅	The Champion of Dance
၁၁:၀၀	Celebrity Choice
၁၁:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀	အနာကြီးရောဂါ ကာကွယ်စောင့်ရှောက်ရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်စံဝင်း)
၁၂:၃၀	စားချင်စဖွယ် နည်းအသွယ်သွယ်
၁:၀၀	"နေကောင်းရဲ့လား" တရားတော်
၂:၀၀	MRTV-4 သတင်း
၂:၂၀	FMF Selection
၂:၅၅	Activities In The City
၃:၁၀	အများအကျိုးမျှော်ရည်. . . ဓမ္မရောင်ခြည်
၃:၂၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၇)**
၄:၁၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၅)**
၅:၀၅	စက္ကန့်တိုင်းအသက်ဝင်စေဖို့
၅:၁၀	မြန်မာအကွာရာ အသုံးပြုနိုင်သော. . . CDMA Mobile Phone
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	အကြောတက်ရောဂါ
၆:၃၀	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၆:၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၈)**
၇:၄၀	ဗီဒီယိုပြခန်း
၈:၀၀	MRTV-4 သတင်း

MRTV-4 အစီအစဉ်များကို ရန်
ရှိုးရှိုးVHF တီဗွီအင်တင်နာဖြင့် အလ
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွ
ဖမ်းယူကြည့်ရှု

...စောင့်ရှောက်ပေးနေ ...နာမည်ထိခိုက်မှုများရှိခဲ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ရန် ဆေးဝါးကုသရေးသာမက လူနာများအား ဆက်ဆံရာတွင်လည်း နွေးထွေးရန် ပိုမိုလိုအပ်ကြောင်း၊ တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ အထူးကုဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ လူနာများအပေါ် ထားရှိသော စေတနာသည်လည်း လွန်ခဲ့သော နှစ် ၅၀ ခန့်က ထားရှိသည့် စေတနာထက် မလျော့စေဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဂရုတစိုက် အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

ကွာဟမှုလျော့

ဆေးရုံ၊ ဆေးပေးခန်းများ၊ ကျန်းမာရေးဌာနများကို ယခင်အစိုးရလက်ထက်က တတ်အားသမျှ တိုးမြှင့်ဆောက်လုပ်ပေးခဲ့ရာ ယခုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံပေါင်း ၉၂၉ ရုံ ရှိလာပြီး ကုသရေးလုပ်ငန်း လွှမ်းခြုံမှုများကိုလည်း ပိုမိုဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လမ်းပန်းဆက်သွယ်မှု ကောင်းလာသည့်အတွက် ပြည်သူများအနေဖြင့် မြို့နှင့်တော ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ကွာဟမှုလျော့ကျလာသည်ကို တွေ့မြင်ရကြောင်း။

အရည်အသွေးမြှင့်ရေး

လက်ရှိအခြေအနေတွင် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေးမြှင့်မားလာရေးအတွက် ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆေးရုံများ၏ လုပ်ငန်းပမာဏနှင့် ကျန်းမာရေးဝန်ထမ်းများစံကိုက် ဖွဲ့စည်းနိုင်အောင် နိုင်ငံတော်က အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း၊ သို့မှသာ ကုသရေးလုပ်ငန်း ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိရန်အတွက် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်ဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများကိုလည်း ဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်ခွင့်ပေးနေပြီဖြစ်သည့်အတွက် ပိုမိုကောင်းမွန် မြန်ဆန်သော စောင့်ရှောက်မှုလုပ်ငန်းများ ရရှိနေကြပြီဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများအနေဖြင့် စေတနာနှင့် အနစ်နာခံမှုများထားပြီး ပြုစုစောင့်ရှောက်ပေးနေသော်လည်း စေတနာမပါသော ဝန်ထမ်းအနည်းငယ်တို့၏ လုပ်ရပ်များကြောင့် ကျန်းမာရေးဝန်ထမ်းလောက ဂုဏ်သိက္ခာနှင့် နာမည်ထိခိုက်မှုများ ရှိခဲ့ကြောင်း၊ လူနာနှင့် ဆရာဝန်၊ ဆရာမများ၏ ဆက်ဆံရေးသည် ယခုအချိန်အထိ တစ်ဦးကို တစ်ဦး ယုံကြည်လေးစားနေလျက်ရှိသော်လည်း စေတနာနှင့် အနစ်နာခံမှု ဆက်လက်ထိန်းသိမ်းနိုင်မှု မရှိပါက နောင်တစ်ချိန်တွင် တစ်ဖက်နှင့်တစ်ဖက် တရားစွဲဆိုမှုများဖြစ်သည်အထိ ပေါ်ပေါက်လာနိုင်သည့်အတွက် စေတနာ၊ မေတ္တာ၊ သတိ ဝီရိယနှင့် ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

စရိတ်မျှပေး ကျန်းမာရေး အစီအစဉ်သည် ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းထားခဲ့သော အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီဆေးရုံများအတွင်း ကျင့်သုံးလျက်ရှိရာ တတ်နိုင်သော လူနာများအား အခကြေးငွေပေး၍နေရသော အထူးလူနာခန်း၊ ဓာတ်ခွဲစမ်းသပ်မှု၊ ဓာတ်မှန်ရိုက်ကူးမှု၊ ဆေးဝါးရောင်းချမှုတို့မှရရှိသည့် ဝင်ငွေများအပေါ်မှ နိုင်ငံတော်သို့ တစ်ဝက်ပေးသွင်းပြီး ကျန်တစ်ဝက်ကို ဆေးဝါးဝယ်ယူ ဖြည့်တင်းခြင်းနှင့် အဆောက်အအုံနှင့်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းမှုဝေခြင်း အတွက် သုံးစွဲသည့်စနစ် ကျင့်သုံးခြင်းဖြစ်ကြောင်း။

ရှင်းပြရန်လို

ငွေကြေးတတ်နိုင်သူများကိုသာ စရိတ်မျှပေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ဆင်းရဲနွမ်းပါးသူများကိုမူ အခမဲ့ကုသမှုပေးသည့်စနစ်ဖြစ်ကြောင်း၊ သို့ရာတွင် ဤကုသရေးစနစ်ကို နားမလည်သော လူနာများအနေဖြင့် နိုင်ငံတော်ဆေးရုံများသည် အခကြေးငွေယူ၍ ဆေးကုသမှု ပြုနေသည်ဟု ပြောဆိုနေခြင်းကို အတတ်နိုင်ဆုံး နားလည်သဘောပေါက်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထပ်ကာတလဲလဲ ရှင်းပြပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံ၊ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် တိုးတက်လာသော လူနာဦးရေနှင့်အညီ ဆေးဝါးများ ဝယ်ယူရခြင်းနှင့် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ပိုမိုလိုအပ်ကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးဝယ်ယူခြင်းနှင့် စက်ကိရိယာပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ငွေလိုအပ်မှုသည် ကျပ်သန်းပေါင်း ၈၈၄၄ ခန့်ဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၁၅၆၈ ခန့်ဖြစ်နေသည့်အတွက် နောက်ထပ်လိုအပ်သော ရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၇၃၀၀ ခန့်လိုအပ်နေသည်ကို ကြည့်ခြင်းအားဖြင့် စရိတ်မျှပေးကျန်းမာရေးစနစ်သည် နိုင်ငံတော်က အရှုံးခံ၍ လူနာများအတွက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးပညာပေး

ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ ကာကွယ်ရေးသည် ကုသခြင်းထက် ပိုမို၍ ကောင်းမွန်သည်ဆိုသည့် အတိုင်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာများကို ကုသမှုပေးနေသည့် တစ်ချိန်တည်းမှာပင် လူနာများနှင့် သက်ဆိုင်သော ကျန်းမာရေးပညာပေးမှုများလည်း တတ်အားသရွေ့ပေးသွားနိုင်မှသာလျှင် ပြည်သူလူထုများ၏ ကျန်းမာရေးနှင့်ဆိုင်သော ဗဟုသုတများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုဤဆေးရုံ၌ တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်း ကြီး/ငယ်အားလုံး မိမိ၏ ကျရာတာဝန်များကို မိမိတာဝန်ဖြစ်သည့် ကုသရေးလုပ်ငန်းများအပြင် ကာကွယ်ရေးပညာပေးလုပ်ငန်းမျိုးကိုပါ စေတနာဖြင့် တတ်အားသရွေ့ ဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်သော အကူအညီများကိုလည်း တင်ပြနိုင်ကြောင်း၊ နိုင်ငံတော်ကလည်း လိုအပ်သလို စောင့်ရှောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က စစ်စံထွန်းဆေးရုံကြီးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သော ဆေးဝါးပစ္စည်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

(သတင်းစဉ်)

...ပြင်သံကြားအစီအစဉ်

...၁၁ (တနင်္လာနေ့)

	နည်းအသွယ်သွယ်
၁း၀၀	"နေကောင်းရဲ့လား" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	FMF Selection
၂း၅၅	Activities In The City
၃း၁၀	အများအကျိုးမျှော်ရည်. . . ဓမ္မရောင်ခြည်
၃း၂၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၇)**
၄း၁၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၅)**
၅း၀၅	စက္ကန့်တိုင်းအသက်ဝင်စေဖို့
၅း၁၀	မြန်မာအက္ခရာ အသုံးပြုနိုင်သော. . . CDMA Mobile Phone
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	အကြောတက်ရောဂါ
၆း၃၀	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၆း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၈)**
၇း၄၀	ဗီဒီယိုပြခန်း
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၆)**
၁၀း၂၀	Sunday Talk (ဦးစောနု၊ မျိုးမြတ်သူ)
၁၀း၅၅	အနုပညာမိုးကောင်းကင်
၁၁း၁၅	ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
၁၁း၃၅	International Show Biz
၁၁း၅၀	Orchard Families **(အပိုင်း-၁)**
၁၂း၁၅	ဈေးဝယ်လမ်းညွှန်
၁၂း၃၀	လှေကားသုံးထစ်ဆင်းတဲ့အခါ
၁၂း၄၀	Celebrity Profile
၁း၁၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်
၁း၃၅	ကိုယ်ပိုင်ဟန်ဖက်ရှင်
၁း၅၀	Movie Mistakes
၂း၁၀	သက်တံရောင်ကမ္ဘာထဲက TOA Color World
၂း၃၀	ပတ္တမြားမြေသို့ အလည်တစ်ခေါက်
၂း၅၀	ဘယ်သူ့ကိုအချစ်ဆုံးလဲ
၃း၀၀	ကမ္ဘာ့စုံလင် အားကစားအစီအစဉ်
၄း၀၀	ဆေးဖက်ဝင်ကျွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
၄း၂၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၄း၄၀	ကံပေါက်ဒေသမှ လှေ့လာစရာများ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ အမြဲတမ်း ဒုတိယဥက္ကဋ္ဌ H.E. Mr. Be Truong Thanh ၏ ဖိတ်ကြားချက်အရ ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ဇွန် ၂၅ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဆွေးနွေး

ကျောက်ဆည် ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသက်အေးသည် ကျောက်ဆည်မြို့နယ် မြင်စိုင်းခန်းမ၌ ဇွန် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ ငါးသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငါးရစ်ငါးသန်ကာကွယ်တားဆီးရေး၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီ(ကျဉ်စက်)များဖြင့် ရှော့တိုက်ငါးဖမ်းဆီးခြင်း လုံးဝမပြုလုပ်ရေး၊ ငါးစားသုံးမှုကဏ္ဍ တိုးတက်မြင့်မားထုတ်လုပ်နိုင်ရေးအတွက် ပညာပေးဆွေးနွေးပြောကြားသည်။

(၄၀၃)

စီးပွားရေးအခွင့်အလမ်းများ ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများ ဆွေးနွေးမည်

ရန်ကုန် ဇွန် ၂၆

ဩစတြေးလျနိုင်ငံတွင် လုပ်ကိုင်နိုင်မည့် စီးပွားရေးအခွင့်အလမ်းများ ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများနှင့် ဩစတြေးလျနိုင်ငံ၏ ပညာရေးခေါင်းစဉ်ဖြင့် UMFCCI အဆောက်အအုံ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ဇွန် ၂၇ ရက်(တနင်္လာနေ့)တွင် မွန်းလွဲ ၁ နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လိုပါကAVSS Myanmar ရုံးခန်း ဖုန်း- ၃၉၃၃၆၆၊ ၀၉-၅၁၄၇၂၂၇၊ ၀၉-၅၀၁၄၃၃၄တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

တီမောလက်စ်တေနိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် ဇွန် ၂၆

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Dr. Zacarias Albano Da Costa ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညှော့သည်တော် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)



တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Dr. Zacarias Albano Da Costa ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ပြည်တွင်း ပြည်ပအားကစားသတင်းများ

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပ

အိုလံပစ်နေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ၏ SHOW JUMPING ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။
(မြင်းစီးအားကစားအဖွဲ့ချုပ်)

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ မြင်းစီးအားကစားကွင်း(Yangon Equestrian& Country Club)၌ ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်၊ အထွေထွေအတွင်းရေးမှူး ဦးအေးချိုနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြင်းစီးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးချိုက DRESSAGE အကြီးတန်းပြိုင်ပွဲတွင် ပထမ သန့်ဇင်(မြင်း-ဘယ်လာ)၊ ဒုတိယ သန်းဇော်မိုး(မြင်း-ရူဘီ)နှင့် တတိယ Miss CAREN (မြင်း-ပီးစ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး အငယ်တန်းပြိုင်ပွဲတွင် ပထမမြသန်း(မြင်း-မြနှင်းဆီ)၊ ဒုတိယမမေဦး (မြင်း-ချစ်စနိုး)နှင့် တတိယ ဇာနီ(မြင်း-အလိမ္မာ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က SHOW JUMPING အကြီးတန်းပြိုင်ပွဲတွင် ပထမ ထွန်းလင်းအောင် (မြင်း-မြနှင်းဆီ)၊ ဒုတိယဇော်ဝေ (မြင်း-မလေးဖြူ)နှင့် တတိယ သန့်ဇင် (မြင်း-ပီးစ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကာ အငယ်တန်းပြိုင်ပွဲတွင် ပထမ ဝင်းနိုင်(မြင်း-မလေးဖြူ)၊ ဒုတိယ မြသန်း (မြင်း-မြနှင်းဆီ)နှင့် တတိယ ရဲမင်းဦး (မြင်း-မာယာ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ပြည်တွင်း ပြည်ပအားကစားသတင်းများ

ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၆

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်း၏ အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိ ကုက္ကိုင်းရေကူးအသင်း နာယက ဦးဆန်းထွန်း(နယူးပုံနှိပ်တိုက်)က အမှာစကား ပြောကြားပြီး ၂၀၁၀-၂၀၁၁ ခုနှစ် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးချိုမောင်က ဖတ်ကြား၍ အတည်ပြုချက် ရယူသည် ။

ဆက်လက်၍ ၂၀၁၁-၂၀၁၂ ခုနှစ် အတွက် ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စိန်လျှံ)၊ အတွင်းရေးမှူး ဦးချိုမောင်တို့ ပါဝင်သော အမှုဆောင်ကော်မတီသစ်ကို ဖွဲ့စည်းသည်။ ယင်းနောက် အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စိန်လျှံ)က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး**(ဝဲပုံ)** သဘာပတိ ဦးဆန်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရေကူးအသင်းလည်းဖြစ်သည်။ (ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာများ

ရေစီးရေလာကောင်းမွန်စေရေး

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျော/ထက်ရပ်ကွက် စကြာလမ်းနှင့် ရွှေဘိုလမ်းရှိ နောက်ဖေးလမ်းကြားတွင် ရေဆိုးများ၊ အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ ရေမြောင်းများပိတ်ဆို့ပြီး ရေပုပ်နံ့များထွက်ကာ ခြင်၊ ယင်များ ပေါများပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

မီးဘေးအန္တရာယ် စိုးရိမ်ဖွယ်

စာတည်းရှင့်-

ရန်ကုန်မြို့ သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် ရန်ကြီးအောင်လမ်းတွင် ဖိနပ်များ လုပ်ကိုင်လျက်ရှိရာ ဓာတ်ဆီကော်များ အသုံးပြုသောကြောင့် မီးဘေးစိုးရိမ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ခွေးလေခွေးလွင့်များ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အလုံမြို့နယ် အလုံမီးရထားဝင်းရပ်ကွက်အတွင်းရှိ တိုက်ခန်းများအနီးတွင် ခွေးလေခွေးလွင့်များ များပြားနေပါသဖြင့် လမ်းသွား လမ်းလာနှင့် ကလေးသူငယ်များ မကြာခဏ ခွေးကိုက်ခံကြရပါ၍ ရှင်းလင်းပေးပါရန် တင်ပြ အပ်ပါသည်။

ခွေးကြောက်သူ

ပြည်တွင်း ပြည်ပအားကစားသတင်းများ

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဘိုးလင်းပြိုင်ပွဲသို့ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဘိုးလင်းအားကစားခန်းမ၌ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဘိုးလင်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုများချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဝန်ကြီးက အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ဇော်လင်းထွန်း(နေပြည်တော်စည်ပင်)၊ ဒုတိယဆုရ မျိုးဇော်ထူး(နေပြည်တော်စည်ပင်)နှင့် တတိယဆုရ ဇော်မျိုးအောင်(နေပြည်တော်စည်ပင်)တို့အားလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဦးခင်မောင်အေးက အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ အေးအေးမော် (နေပြည်တော်စည်ပင်)၊ ဒုတိယဆုရ အေးအေးလင်း(နယ်စပ်ရေးရာဝန်ကြီးဌာန)နှင့် တတိယဆုရ ဇာဇာလင်း (နေပြည်တော်စည်ပင်)တို့အားလည်းကောင်း ငွေသားဆုများနှင့်အကောင်းဆုံးဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၆

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ယမန်နှစ်ချန်ပီယံ ကယားပြည်နယ်အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံကြသည်။

လိုက်လံနှုတ်ဆက်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် တာဝန်ရှိသူများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုအသင်းများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ လူငယ်အားကစားသမားများက ကရာတေးဒိုနည်းစနစ် သရုပ်ပြသကြပြီး ပြိုင်ပွဲပထမနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။ အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန်၂၇ရက်တွင် ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

ကွန်ကာကပ်ဖ်ရွှေဖလား မက္ကဆီကို ကိုးကြိမ်မြောက်ဗိုလ်စွဲ

နယူးယောက် ဇွန် ၂၆

ကွန်ကာကပ်ဖ်ရွှေဖလား နောက်ဆုံးဗိုလ်လုပွဲကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ မက္ကဆီကိုက အမေရိကန်ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ၍ ဗိုလ်စွဲသွားသည်။

ကွန်ကာကပ်ဖ် ရွှေဖလားနှင့် ဟာနန်ဒက်ဇ်။

ဟန်သစ်

အိမ်ရှင်အမေရိကန်တွင် တင်ဟောင်းဝပ်၊ ဂွတ်ဆင်၊ ဂျာမိန်းဂျုံးစ်၊ မိုက်ကယ်ဘရက်ဒလေ၊ လန်ဒန်ဒိုနိုဗန်၊ ဒမ်ဆေးနှင့် အဒူးစသည့် ကစားသမားများ လူစုံပါဝင်ခဲ့သည်။ မက္ကဆီကိုတွင်မူ အယ်လ်ဖရီဒိုတာလာဗာရာ၊ ရာဖေးမားကွစ်ဇ်၊ ဟက်တာမိုရီနို၊ ပါဘလိုဘာရီယာ၊ ဂွါဒါဒို၊ ကာလို့စ်ဆယ်စီဒို၊ ဂျော်ဂီတောရစ်၊ ဒေါ့စ်ဆန်တို့စ်နှင့် ဟာနန်ဒက်ဇ်တို့ဖြင့် လူစုံခဲ့သည်။

မက္ကဆီကိုအတွက်ဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် ဘာရီယာက ပထမဂိုး၊ ၃၆ မိနစ်တွင် ဂွါဒါဒိုက ဒုတိယဂိုး၊ မိနစ် ၅၀ တွင် ဘာရီယာက တတိယဂိုးနှင့် ၇၆ မိနစ်တွင် ဒေါ့စ်ဆန်တို့စ်က စတုတ္ထဂိုးကို သွင်းယူပေးခဲ့သည်။ အမေရိကန်အတွက်ဂိုးများကို ပွဲချိန် ၈ မိနစ်တွင် ဘရက်ဒလေနှင့် ပွဲချိန် ၂၃ မိနစ်တွင် လန်ဒန်ဒိုနိုဗန်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုအသင်းသည် ယခုပွဲ အနိုင်ရဗိုလ်စွဲခဲ့ခြင်းကြောင့် ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲတွင် အအောင်မြင်ဆုံး အသင်းဖြစ်လာပြီး ကိုးကြိမ်ဗိုလ်စွဲထားပြီးဖြစ်သည်။***ESPN*။**

ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ စပိန်အသင်းဗိုလ်စွဲ

ကိုပင်ဟေဂင် ဇွန် ၂၆

ဥရောပ ယူ-၂၁ ချန်ပီယံရှစ် ဗိုလ်လုပွဲအဖြစ် စပိန်နှင့်ဆွစ်ဇာလန်တို့ ယှဉ်ပြိုင်ကစားကြရာ စပိန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

စပိန်အသင်းတွင် ဒေးဗစ်ဒီဂီယာ၊ ဘိုတီယာ၊ မာတင်မွန်တိုဗာ၊ မာတီနစ်ဇ်၊ သီယာဂို၊ ဟာရီယာအဂူရာအန်ဒါစသည့် အမာခံကစားသမားများ ပါဝင်ခဲ့သည်။ စပိန်အတွက် ဂိုးများကို ဟာရီဟာအဂူရာအန်ဒါက ပထမပိုင်း ပွဲချိန် ၄၁ မိနစ်တွင် ပထမဂိုးနှင့် သီယာဂိုက ပွဲချိန် ၈၁ မိနစ်တွင် ဒုတိယဂိုးတို့ကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို ပရိသတ် ၁၉၄၄၄ ဦး လာရောက်ကြည့်ရှုအားပေးခဲ့သည်။ ***အင်တာနက်*။**

ဥရောပ ယူ-၂၁ ချန်ပီယံရှစ် ချန်ပီယံ စပိန်အသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံစဉ်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၅ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ၌ မူးယစ်ဆေးဝါးကင်းစင်ရေး သတ်မှတ်ထား မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုပပျောက်ရေးတွင် နယ်မြေလူထုပါဝင်အောင်စည်းရုံး

နေပြည်တော် ဇွန် ၂၆

မူးယစ်ဆေးဝါးသည် လူထုတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝတိုးတက်ရေးနှင့် အသိဉာဏ်ဗဟုသုတတို့ကို ပျက်စီးစေရုံမျှမက ဆင်းရဲမွဲတေမှုအပေါင်းကိုဖြစ်စေသဖြင့် လူမှုဘဝ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရန်နှင့် မူးယစ်ဆေးဝါးကင်းစင်သည့် နယ်မြေဖြစ်ရေး စုပေါင်းတွန်းလှန်တိုက်ဖျက်ရန် ဖော်ညွှန်းလိုက်ခြင်းဖြစ်သည့် "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့" "THINK HEALTH, Not Drugs"ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား (International Day Against Drug Abuse and Illicit Trafficking) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၂၆

ယနေ့ နံနက် ၆ နာရီ ၁၁ မိနစ် ၃၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) တမူးမြို့နယ် ဓားသွေးကျောက်(အထက်)ကျေးရွာအနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)